# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။


သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၃၀)


**ဒီရေတောများက သဘာဝဘေးကို ကာကွယ်ပေး**

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှလျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့်မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုမှု အန္တရာယ်တို့မှလည်း ကာကွယ်ပေးခြင်းကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၈-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံ တွက်ထုတ်ထားသည့်၃၁-၈-၂၀၂၄ ရက်နေ့မှ ၃-၉-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



## ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

## ဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေဝင်လမ်းကြောင်း ပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝန်တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ရေး လုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊

စာမျက်နှာ ၃ ကော်လံ ၁ ❑





## စက္ခုတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့် မျက်စိခွဲစိတ်အလှူ အစီအစဉ်၌ မျက်စိလူနာ ၅၀၀ ကျော် ခွဲစိတ်ကုသပေးနိုင်ခဲ့

ရန်ကုန် ဩဂုတ် ၃၀

"စက္ခုတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့်" ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မျက်စိခွဲစိတ်အလှူအစီအစဉ်တွင် မျက်စိလူနာ ၅၀၀ ကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာန ဝိဟာရသံဃာ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က အသိပေးထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

### ယနေ့ သ တင်း အ ညွှန်း


မန္တလေး-နေပြည်တော်ရထားလမ်းပိုင်းရှိ တံတားအမှတ်(၆၉၁) စမုံတံတားသစ် တည်ဆောက်နေမှု ၆၅ ရာခိုင်နှုန်းပြီးစီး — စာမျက်နှာ ◆ ၃

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ — စာမျက်နှာ ◆ ၄

ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု - အခွင့်အလမ်း၊ အခက်အခဲနှင့် ဖြေရှင်းနည်းများ — စာမျက်နှာ ◆ ၁၂

တစ်ပတ်တာဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ — စာမျက်နှာ ◆ ၁၃


## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၃၀

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ ◆

## စင်ကာပူရောက် မြန်မာနိုင်ငံသားများ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရာတွင် သံရုံး၏ တရားဝင်ထုတ်ပြန်ချက်များအတိုင်း ဆောင်ရွက်ရန် မြန်မာသံရုံး မေတ္တာရပ်ခံ

ရန်ကုန် ဩဂုတ် ၃၀

စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport) သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာသံရုံး၏ တရားဝင်အသိပေးကြေညာချက်များအတိုင်းသာ အခြေခံ၍ ဆောင်ရွက်ကြရန် စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးက မေတ္တာရပ်ခံ အသိပေးထားသည်။

လက်ရှိတွင် အမျိုးအစားပြောင်းလဲလျှောက်ထားမည့်သူများနှင့် ရက်ချိန်းရယူထားသူများအနေဖြင့် PT၊ PE၊ PS သို့ ပြောင်းလဲလျှောက်ထားသူများသည် သံရုံး၏ကြေညာချက်ပါ လိုအပ်သောအချက်အလက်များကို သံရုံး၏ တရားဝင်အီးမေးလ်(Email)သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ❖

## ညီညွတ်ရေးက အရေးကြီး

**"တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# မန္တလေး-နေပြည်တော်ရထားလမ်းပိုင်းရှိ တံတားအမှတ်(၆၉၁) စမုံတံတားသစ်တည်ဆောက်နေမှု ၆၅ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေး-နေပြည်တော်ရထားလမ်းပိုင်းရှိ စမုံဘူတာနှင့် သဲတောဘူတာကြားရှိ တံတားအမှတ် (၆၉၁) စမုံချောင်းတံတားသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ပျက်စီးခဲ့သဖြင့် အရှည် ၃၆၄ ဒသမ ၁၇ ပေရှိ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်းပြီးစီးနေပြီး လာမည့်နှစ် မတ်လကုန်တွင် တံတားနှင့် ချဉ်းကပ်ရထားလမ်းများအားလုံးပြီးစီးကာ အစုန်၊ အဆန်ရထားများ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စမုံချောင်းတံတားအသစ်တည်ဆောက်နေမှုနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ချဉ်းကပ်ရထားလမ်းများအား တံတားနှင့်တစ်ပြိုင်တည်း ပြီးစီးရေးဆောင်ရွက်ရန်၊ ချောင်းကမ်းပါးနံရံများ ပြိုကျပိတ်ဆို့မှုမရှိစေရေး မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်းကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။



အလားတူ ယနေ့တွင် မြန်မာ့မီးရထားလူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရထားပို့ဆောင်ရေးလုပ်ငန်းသည် Public Transpor-tation အတွက်အရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုအတွက် အခြေခံကျသည့် လူစီးတွဲနှင့်ကုန်တွဲများ တည်ဆောက်ပြုပြင်မှုကို အဓိကဆောင်ရွက်ရသော စက်ရုံတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ဂုဏ်ယူတတ်စေရန် လိုအပ်ကြောင်း ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်၍ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ဝေန်တာမှ*

နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ စုပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော် ဒေါက်တာဘဒ္ဒန္တပညာဇောတနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်တို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်က ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို အလှူငွေများ လှူဒါန်းပြီး ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့အတူ သဲဖြူချောင်းဖျားနှင့် မဟာမြိုင်တောရဆရာတော်သည်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ဟင်္သာတမြို့နယ်၊ လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ကို သွားရောက်၍ လေးမျက်နှာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရေဘေးသင့်ပြည်သူများကို ပရိတ်တရားတော်ချီးမြှင့်ခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းထောက်ပံ့ခြင်းတို့ ဆောင်ရွက်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟင်္သာတမြို့၌ မြန်မာနေရှင်နယ်လိုက်ဥက္ကဋ္ဌ၊ ရှမ်းယူနိုက်တက်ဘောလုံးအသင်း၊ ဧရာဝတီယူနိုက်တက် အမျိုးသမီးဘောလုံးအသင်း၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ ရတနာပုံယူနိုက်တက်ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများ၊ မြန်မာ့လက်ရွေးစင်ကစားသမားများနှင့် M League တို့က ရေဘေးသင့်ဒေသများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ စုပေါင်းလာရောက်လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

◆ *ညောင်တုန်းမြို့နယ်မှ*

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ ယာယီပန်းတာပြုလုပ်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine (ရေစီးနှုန်းလျော့ကျစေပြီး ရေထဲတွင်ပါလာသော နုန်းမြေ(sediment)များ စုပုံလာစေရန် ပြုလုပ်သည့်လုပ်ငန်း) ချထားခြင်း၊ Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *စင်ကာပူရောက်မှ*

PV မှ PJ သို့ သက်တမ်းတိုးမြှင့်သူများသည် မိမိတို့ ရယူထားသည့် ရက်ချိန်းအတိုင်း ခေတ္တစောင့်ဆိုင်းပေးကြရန် လိုအပ်သည်။

အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သံရုံးမှ ကြေညာချက်အသစ်ထုတ်ပြန်လာမှသာ ထိုလမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရန် ထပ်မံအသိပေးထားသည်။ ထို့ပြင် လျှောက်လွှာဖြည့်သွင်းရာတွင် ပုံစံ (Form) နှစ်မျိုးရှိသဖြင့် မိမိနှင့် သက်ဆိုင်သည့် Form ကို သေချာစွာရွေးချယ်ဖြည့်စွက်ရန်နှင့် ကြေညာချက်များကို အစမှအဆုံးအထိ သေချာစွာ ဖတ်ရှုကြရန် သံရုံးက တိုက်တွန်းထားသည်။

လျှောက်လွှာဖောင် ဖြည့်သွင်းပြီးပါက သတ်မှတ်ချက်နှင့်အညီ ဓာတ်ပုံကို သေချာစွာကပ်၍ PDF ဖိုင်ပြုလုပ်ကာ ပေးပို့ရမည်ဖြစ်ပြီး WhatsApp မှတစ်ဆင့် PDF ဖိုင်ပြုလုပ်နိုင်သည့် နည်းလမ်းများကိုပါ မျှဝေပေးထားကြောင်း သိရသည်။

**TWA**

❊ *စကျူတစ်ထောင်မှ*

အဆိုပါ မျက်စိခွဲစိတ်အလှူ အစီအစဉ်ကို မျက်စိအတွင်းတိမ်နှင့် မျက်သားခြစ်ကဲ့သို့သော မျက်စိရောဂါများကြောင့် အမြင်အာရုံထိခိုက်နေသူများ ခွဲစိတ်ကုသမှုရရှိစေရန်နှင့် အမြင်အာရုံပြန်လည်ရရှိစေရန် ရည်ရွယ်၍ အများပြည်သူ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ ပျဉ်းမနားသံဃာ့ဆေးရုံ၊ မြောင်းမြဆေးရုံနှင့် မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံတို့တွင် မျက်စိခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ယခုအချိန်အထိ မျက်စိလူနာ ၅၀၀ ကျော်အား ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဟု သိရသည်။

ထို့အပြင် ယခုတစ်ပတ်အတွင်း မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံကြီးတွင်လည်း မျက်စိခွဲစိတ်ကုသမှုများ ဆက်လက်ပြုလုပ်ပေးခဲ့ရာ ဩဂုတ် ၁၅ ရက်တွင် မျက်စိအတွင်းတိမ်လူနာ ၁၂ ဦးနှင့် မျက်သားခြစ်လူနာနှစ်ဦး စုစုပေါင်း ၁၄ ဦးကိုလည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင်လည်း မျက်စိအတွင်းတိမ်လူနာ ၁၆ ဦးနှင့် မျက်သားခြစ်လူနာလေးဦး စုစုပေါင်း လူနာ ၂၀ ကို ထပ်မံခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ယင်းသို့ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မြစ်ငယ်မီးရထားဆေးရုံကြီးတွင် ယနေ့အထိ မျက်စိအတွင်းတိမ်လူနာ ၁၀၅ ဦးနှင့် မျက်သားခြစ်လူနာ ၁၁ ဦး စုစုပေါင်း လူနာ ၁၁၆ ဦးကို ခွဲစိတ်ကုသပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိခွဲစိတ်အလှူ အစီအစဉ်တွင် အလှူရှင်များအနေဖြင့် မျက်စိတစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ ထို့အပြင် မိမိကိုယ်တိုင် ငွေကျပ်နှစ်သိန်း ထည့်ဝင်လှူဒါန်း၍ မျက်စိခွဲစိတ်ကုသမှု ခံယူလိုသူများအနေဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

"စကျူတစ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့်" ဟူသည့်ဆောင်ပုဒ်ပါ ရည်မှန်းချက်အတိုင်း မျက်စိအတွင်းတိမ်နှင့် မျက်စိဆိုင်ရာ ရောဂါများကြောင့် အမြင်အာရုံထိခိုက်နေသူများ အလင်းပြန်လည်ရရှိစေရန်အတွက် အလှူရှင်များနှင့် အများပြည်သူ၏ စုပေါင်းပါဝင်လှူဒါန်းမှုများဖြင့် မျက်စိခွဲစိတ်ကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**MT**

❊ *ရှေ့ဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၃၀**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရတနာစတီးမဏ္ဍိုင်တော် စိုက်ထူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် မာရဝိဇယကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသောဆရာတော် သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မာရဝိဇယကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒအရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကာ ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်တွင် ပက်ဖျန်း၊ ကြဲဖြန့်၊ ချည်နှောင်၊ တားဆီး၊ ကာရံကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရတနာစတီးမဏ္ဍိုင်တော်ပုံတော်ကို ဆက်ကပ်လှူဒါန်း၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယ၊ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏ အရှင်သူမြတ်ထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာများဦးဆောင်ပြီး ဘုရားဒါယကာများက ရတနာစတီးမဏ္ဍိုင်တော် အစိတ်အပိုင်းများကို လိုဏ်တော်အတွင်း၌ လက်ယာရစ်လှည့်လည်ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ငြမ်းထက်သို့ ပင့်ဆောင်ကြကာ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြား၍ မင်္ဂလာအချိန်တွင် ဘုရားဒါယကာများက ရတနာစတီး မဏ္ဍိုင်တော်ကို စိုက်ထူပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဘောဇနသာလဆွမ်းစားဆောင်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မိုးသီးနှံစိုက်ပျိုးကြမည့် တောင်သူများအတွက် စက်သုံးဆီများ ရောင်းချပေး

**ဘားအံ ဩဂုတ် ၃၀**

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄ အုပ်စုမှ မိုးသီးနှံစိုက်ပျိုးကြမည့် တောင်သူ ၁၂၅ ဦး၏ စိုက်ဧက ၃၈၀ အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ယမန်နေ့က စက်သုံးဆီများ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးတောင်သူများအတွက် စက်သုံးဆီရောင်းချပေးနေမှုကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ နှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးပြီး စိုက်ပျိုးတောင်သူများ မြေဩဇာနှင့် သွင်းအားစုများကို သက်သာသော နှုန်းထားဖြင့် အလွယ်တကူ ရရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကမော့ကချူးမွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ၊ ဇုန်၏ ထုတ်လုပ်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တိရစ္ဆာန်ကောင်ရေ တိုးချဲ့မွေးမြူနိုင်ရေးနှင့် မွေးမြူလုပ်ကိုင်ခြင်းမရှိသူများအား ဖယ်ရှားရှင်းလင်း၍ မွေးမြူလိုသူများအား ပြန်လည်နေရာချထားပေးနိုင်ရေး မှာကြားကာ မွေးမြူရေးတောင်သူများအတွက် တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆားခဲများ ပေးအပ်ခဲ့သည်။

ထို့အတူ တောင်သူ ဦးထွန်းထွန်းနိုင်၏ ဥစားကြက်မွေးမြူရေးခြံ၊ တောင်သူ ဦးမင်းကိုကို၏ အသားတိုးဝက် မွေးမြူရေးခြံ၊ တောင်သူ ဦးမောင်သန်းလွင်၏ အသားစားကြက် မွေးမြူရေးခြံတို့ကို လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် ဖွဲ့မာန်အားကစားကွင်းရှိ ဘောလုံးကွင်း၊ မိုးလုံလေလုံ အားကစားခန်းမနှင့် ကာယဗလ အားကစားရုံတို့တွင် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် အားကစားကွင်းနှင့် အားကစားရုံများ၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



အလားတူ လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသည့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက် အစားအစာများ ပေးအပ်ကာ ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် အထွေထွေအသုံးစရိတ်နှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပေါက်ခေါင်းမြို့နယ်၌ သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပေါက်ခေါင်း ဩဂုတ် ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပေါက်ခေါင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့နှင့်အတူ တောင်သူများစုပေါင်း၍ ဆက်စပ်ကုမ္ပဏီများနှင့် ပေါင်းစပ်ပြီး တစ်ကွင်းတစ်ဆက်တည်း လယ်ယာမြေများ၌ သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့နယ် ရွာထောင်အုပ်စု ဥဿျှစ်ကုန်းကျေးရွာသို့လည်းကောင်း၊ ဝက်တိုးကျေးရွာအုပ်စု ဝက်တိုးကျေးရွာသို့လည်းကောင်း သွားရောက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေး၊ စနစ်ကျသော မွေးမြူရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့ ကမ်းနားလမ်း၌ River View Point Pavilion စီမံကိန်း ဆောင်ရွက်လျက်ရှိ

**မကွေး ဩဂုတ် ၃၀**

မကွေးမြို့၏ ဧရာဝတီမြစ်ကမ်းအလှကိုအခြေခံ၍ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပပြီး ဘေးကင်းလုံခြုံသည့် အများပြည်သူ အပန်းဖြေစခန်းတစ်ခု ဖြစ်ပေါ်လာစေရန် ကမ်းနားလမ်း၌ River View Point Pavilion စီမံကိန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းလုပ်ငန်းခွင်ကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ကြည့်ရှုစဉ် ပြည်သူများအတွက် သန့်ရှင်းသာယာ လှပသော စနစ်ကျသော စိတ်အပန်းဖြေရာ နေရာသစ်တစ်ခု ဖြစ်စေရေးအတွက် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးတို့ကို မှာကြားသည်။

ထို့ပြင် နတ်မောက်လမ်းတစ်လျှောက်နှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးပလက်ဖောင်းများ ဆောင်ရွက်နေမှု၊ လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြို့၏ အဓိကလမ်းဆုံကြီးများတွင် မီးပွိုင့်များ ပြင်ဆင်စိုက်ထူနေမှုနှင့် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**





# ပေါင်မြို့နယ်၌ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**ပေါင် ဩဂုတ် ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မုတ္တမကျေးရွာ ရောင်ခြည်ဦး လယ်ယာနှင့် အထွေထွေသမဝါယမအသင်းလီမိတက်နှင့် ဇာကဒွန် အသေးစားငွေစုငွေချေးသမဝါယမအသင်းလီမိတက်တို့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ ရုံးခန်းများ၌ ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သင်းသင်းယုနှင့် မြို့နယ်အသင်းစုဥက္ကဋ္ဌတို့က အသင်းရည်ရွယ်ချက်များပြောကြားပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် အမှုဆောင်များအား အသင်းသားများ၏ ဆန္ဒအရ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**



# ထုတ်လုပ်မှုအခြေခံစက်မှုစီးပွားရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားရေး မြှင့်တင်ရာတွင် အထောက်အပံ့ဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မှာကြား

**နေပြည်တော် ဩဂုတ် ၃၀**

ထုတ်လုပ်မှုအခြေခံ စက်မှုစီးပွားရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားရေးမြှင့်တင်ရာတွင် အထောက်အပံ့ ဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း) အစည်းအဝေးခန်းမ၌ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ အထွေထွေမန်နေဂျာများ၊ ဆေးဝါးစက်ရုံ (အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)တို့မှ စက်ရုံမှူး၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံစဉ် ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စက်ရုံမှူးများသည် ထုတ်လုပ်မှုလုပ်ငန်းများကို ကျွမ်းကျင်နေရုံဖြင့်မရဘဲ စီးပွားရေးသဘောတရားများကိုပါ နားလည်တတ်ကျွမ်းအောင် လေ့လာသင်ယူထားရန်၊ စက်ရုံရေရှည် ရပ်တည်လည်ပတ်နိုင်ရေးအတွက် ထိရောက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု၊ စက်ရုံစီမံခန့်ခွဲမှုစနစ်များကိုလည်း ပြန်လည်သုံးသပ်ရန်၊ စက်ရုံမှူးများအနေဖြင့် အဓိက အောင်မြင်အောင်ဆောင်ရွက်ရမည့် အညွှန်းကိန်းများ သတ်မှတ်ရေးဆွဲ၍ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လည်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး၌ တိုင်းရင်းသားရေးရာစင်တာတည်ဆောက်ပြီးစီး

**တနင်္သာရီ ဩဂုတ် ၃၀**

တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားရေးရာ စင်တာများကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်တို့ဖြင့် တည်ဆောက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာတည်ဆောက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောမာတင်လူသာနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရေးရာစင်တာကို တိုင်းရင်းသားများအတွက် အကျိုးရှိရှိ အသုံးပြုရန်လိုကြောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ၊ ဘာသာစာပေ သင်တန်းများနှင့် ရိုးရာယဉ်ကျေးမှု အကသင်တန်း စသည်များကို စီမံချက်ရေးဆွဲ ဖွင့်လှစ်စေလိုကြောင်း မှာကြားသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တိုင်းရင်းသားဒေသများ တည်ငြိမ်အေးချမ်းမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး နိုင်ငံတော်ငြိမ်းချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးသတိရှိရန်လိုအပ်ပြီး ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း တင်ပြဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရသည့်အတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် အမြဲတွေ့ဆုံထိတွေ့ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများက ဌာနဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် ဩဂုတ် ၃၀- မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေ ခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၃၀**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ပဉ္စမနေ့ကို နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ဝဲပုံ)**

ဦးစွာနံနက်ပိုင်းတွင် (၁၉) ကြိမ်မြောက်တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ အရေးပြိုင်ပွဲတွင် ပြည်သူညီတူ ကြည်ဖြူစိတ်ဓာတ်ဆိုသော ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင် ၁၃ ဦးက လည်းကောင်း၊ အတီးပြိုင်ပွဲတွင် မြန်မာ့ဆိုင်းတစ်ဦးချင်းနှင့် ပတ္တလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ခုနစ်ဦးက လျှပ်ပန်းခွေနွဲ့ယိုးဒယားသီချင်းဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ခေတ်ပေါ်တီးဝိုင်းမှ(အဖွဲ့လိုက်) ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့မှ မြိုင်ဆိုင်မြူးကြွလှသော တီးလုံးလက်သံများဖြင့် အသီးသီးတီးခတ်ယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် အငြိမ့်ပြိုင်ပွဲကို နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲများက ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့သစ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေး

**မြို့သစ် ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဒဟတ်ကုန်းကျေးရွာ ရွှေကျောင်းကုန်းကျောင်းတိုက်၌ ယနေ့ မွန်းလွဲပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်က လွှတ်တော်ဆိုင်ရာ မေးခွန်းများ ဆွေးနွေးမေးမြန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးပွဲကို ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းအောင်ထွေးနှင့် တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ဆွေးနွေး



ပြောကြားပြီး ပြည်သူများက မိမိတို့ဒေသအတွင်း ကျေးရွာတွင်းလမ်းများနှင့် ရွာချင်းဆက်လမ်းများ ခင်းပေးနိုင်ရေး၊ ဝါသီးနှံစိုက်ပျိုးရေးအတွက် ချေးငွေများ ထုတ်ချေးပေးနိုင်ရေး၊ ဆည်ရေသောက် တူးမြောင်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြရာ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပညာရဲရင့် ပွဲလယ်တင့်

စာပေမြင့်မှ လူမျိုးတင့်မည်

# ချင်းပြည်နယ်အတွင်း ဖလမ်းမြို့နှင့် တွန်းဇံမြို့တို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအတွက် ငွေကြေးကဏ္ဍ၏ အရေးပါမှု

MMK(MEB)

**ဒေသတစ်ခု၏ စီးပွားရေးနှင့် လူမှုဘဝပြန်လည်ဦးမော့လာစေရန်အတွက် ခိုင်မာသည့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းစနစ်သည် မရှိမဖြစ်လိုအပ်သည့် အဓိက မောင်းနှင်အားဖြစ်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ကဖြစ်ပေါ်ခဲ့သည့် ဒေသတွင်း ပဋိပက္ခအခြေအနေများကြောင့် ဖလမ်းခရိုင် မြန်မာ့စီးပွားရေး ဘဏ်ခွဲအား ဝန်ဆောင်မှုများ ယာယီပိတ်သိမ်းခဲ့ရသော်လည်း ဒေသတွင်း လုံခြုံရေးနှင့်တည်ငြိမ်ရေး ပြန်လည်ကောင်းမွန်လာသည်နှင့်အမျှ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဘဏ်လုပ်ငန်းစဉ်များကို အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။**

ထို့အတူ ၂၀၂၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့က ဖြစ်ပေါ်ခဲ့သည့် ဒေသတွင်း ပဋိပက္ခအခြေအနေများကြောင့် တွန်းဇံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲအား ဝန်ဆောင်မှုများ ယာယီပိတ်သိမ်းခဲ့ရသော်လည်း ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေး ပြန်လည်ကောင်းမွန်လာသည်နှင့်အမျှ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဘဏ်လုပ်ငန်းစဉ်များကို ဆက်လက်အောင်မြင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

> ❑ **အစိုးရ၏ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးမဏ္ဍိုင်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်သည် ဖလမ်းဒေသနှင့် တွန်းဇံဒေသ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်မှ သစ္စာရှိစွာဖြင့်၊ တာဝန်သိစွာဖြင့် အကောင်းဆုံးပံ့ပိုး ကူညီဆောင်ရွက်ပေးသွားမည်**

**၁။ ဘဏ်ခွဲများ ပြန်လည်ဖွင့်လှစ်ရာတွင် ဆောင်ရွက်ရန် လိုအပ်ချက်များ**

ဘဏ်ခွဲတစ်ခု ပြန်လည်စတင်လည်ပတ်ရာတွင် အစိုးရနှင့် ဘဏ်လုပ်ငန်းတွင် တာဝန်ရှိသူများအနေဖြင့် အောက်ပါ အဓိကလိုအပ်ချက်များကို အဆင့်လိုက် ပြင်ဆင်ဆောင်ရွက်ရပါသည် -

**လုံခြုံရေးနှင့် တည်ငြိမ်ရေး အာမခံချက်ရှိခြင်း။** ဘဏ်ဝန်ထမ်းများ၊ ရုံးအဆောက်အအုံနှင့် ဘဏ်လာရောက်အသုံးပြုသူ ပြည်သူများ၏ အသက်အန္တရာယ်နှင့် ငွေကြေးလုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာ အစီအမံများကို ဦးစွာ စနစ်တကျပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

**အခြေခံအဆောက်အအုံနှင့် နည်းပညာ ပြန်လည်ဆန်းသစ်ခြင်း။** ဘဏ်အဆောက်အအုံနှင့် ငွေတိုက် ပျက်စီးမှုများကိုပြုပြင်ခြင်း၊ ကွန်ပျူတာစနစ်များ၊ ဆက်သွယ်ရေးကွန်ရက်များ (Data& Communi-cation Networks) နှင့် ဘဏ်ခွဲ၏ စာရင်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ပုံမှန်လည်ပတ်နိုင်ရန် ပြန်လည်ထူထောင်ခြင်းနှင့် တပ်ဆင်ခြင်း၊

**စာရင်းဇယားနှင့် ငွေကြေးလက်ကျန် မှန်ကန်ကြောင်း စိစစ်ခြင်း၊ ဘဏ္ဍာငွေဖြည့်တင်းခြင်း။** ပိတ်သိမ်းထားသည့်ကာလအတွင်းမှ ဘဏ်ခွဲရှိ စာရင်းဇယားများ၊ ပြည်သူများ၏ အပ်နှံငွေနှင့် ချေးငွေစာရင်းများကို စာရင်းစစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး ဘဏ်ငွေကြေးလက်ကျန်ကို မှန်ကန်စွာပြုစု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တစ်ဆင့် ဘဏ္ဍာငွေများကို စနစ်တကျပြန်လည်ဖြည့်တင်းပြီး ဘဏ်လုပ်ငန်းများ စတင်ခြင်း၊

**ဝန်ထမ်းအင်အား ပြန်လည်ဖြည့်ဆည်းခြင်း။** ဒေသတွင်း ပြည်သူလူထုထံ ထိရောက်သည့် ဘဏ်ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် အဆင့်မီသော ဘဏ်ဝန်ထမ်းအင်အားကို စနစ်တကျပြန်လည်နေရာချထားခြင်းနှင့် လိုအပ်သော ဘဏ်ဝန်ထမ်းများကို ခန့်အပ်ခြင်း။

**၂။ ဖလမ်းနှင့် တွန်းဇံဒေသများ ဖွံ့ဖြိုးရေးတွင် မြန်မာ့စီးပွားရေးဘဏ်၏ အဓိက အခန်းကဏ္ဍ**

မြန်မာ့စီးပွားရေးဘဏ်သည် ဖလမ်းဒေသနှင့် တွန်းဇံဒေသများ၏ စီးပွားရေးလည်ပတ်မှုနှင့် မြို့ပြ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အောက်ပါ အဓိကကဏ္ဍများမှ အရေးပါစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည် -

**အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ ထိရောက်စွာ ဆောင်ရွက်ပေးခြင်း။** ဒေသတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်ဖွံ့ဖြိုးရေးအသုံးစရိတ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများကို အချိန်မှန် ထုတ်ပေးနိုင်သည့်အပြင်၊ ဒေသတွင်း ပြန်လည်တည်ဆောက်ရေး အသုံးစရိတ်များကို စနစ်တကျ စီမံခန့်ခွဲပေးသည့် အဓိက ဘဏ္ဍာရေးမဏ္ဍိုင်အဖြစ် ဆောင်ရွက်ပေးခြင်း၊

**ငွေကြေးလည်ပတ်မှုနှင့် စီးပွားရေး ဦးမော့လာစေခြင်း။** ဒေသခံကုန်သည်များ၊ တောင်သူလယ်သမားများ၊အလုပ်သမားများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသေးစား၊ အလတ်စားစီးပွားရေး(MSMEs)လုပ်ငန်းများအတွက် ငွေလွှဲ၊ ငွေထုတ်၊ အပ်နှံငွေနှင့် ချေးငွေ ဝန်ဆောင်မှုများကို စိတ်ချယုံကြည်ရသော နိုင်ငံတော်ပိုင် ဘဏ်စနစ်တစ်ခုအောက်မှ စိတ်ချမ်းသာစွာ ဆောင်ရွက်နိုင်ရန် ကူညီပေးခြင်း၊

**ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ထောက်ပံ့ခြင်း။** ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းဖြန့်ဖြူး... 

ရောင်းဝယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လုပ်ငန်းဆိုင်ရာ ကူညီပံ့ပိုးမှုများကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်း၊

**ပြည်သူများ၏ ငွေကြေးလုံခြုံမှုကို အာမခံနိုင်ခြင်း။** နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို တစ်ဘဏ်ပြီးတစ်ဘဏ် ပြန်လည်ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ဒေသခံပြည်သူများသည် မိမိတို့၏ ချွေးနှဲစာဖြင့် ရှာဖွေသိမ်းဆည်းထားရှိသည့် ငွေကြေးများကို လုံခြုံစိတ်ချစွာ စုဆောင်းနိုင်စွမ်း ပြန်လည်ရရှိလာခြင်းနှင့် ပြည်သူများက ငွေကြေးများကို လွယ်ကူစွာ လွှဲပြောင်းနိုင်မှုတို့သည် တန်ဖိုးတစ်ခု ထက်ပိုမိုသော အဆိုပါဒေသ၏ ဂုဏ်ဒြပ်တစ်ခုပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဖလမ်းခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲနှင့် တွန်းဇံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းက ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ပြသရာရောက်သည့်အပြင် ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့မှ ဒေသခံပြည်သူတို့၏ စီးပွားရေးနှင့် လူမှုဘဝ ပြန်လည်စတင်နိုင်ရေးအတွက် ဝမ်းမြောက်ဖွယ်ရာ မင်္ဂလာသတင်းတစ်ရပ်လည်း ဖြစ်ပါသည်။

အစိုးရ၏ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးမဏ္ဍိုင်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်သည် ဖလမ်းဒေသနှင့် တွန်းဇံဒေသ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်မှ သစ္စာရှိစွာဖြင့်၊ တာဝန်သိစွာဖြင့် အကောင်းဆုံး ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် အသိပေးတင်ပြလိုက်ရပါသည်။ ။

## မုဒုံမြို့နယ်၌ ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မုဒုံ ဩဂုတ် ၃၀**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အသက် ၁၈ နှစ်အောက် ပညာရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က အားကစားပြိုင်ဝင်း အတွင်းရှိ မီတာ (၄၀၀)ဘောလုံးကွင်း၌ ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် အထက (၁) ဘောလုံးအသင်းနှင့် အထက (တံခွန်တိုင်) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် တံခွန်စိုက်ဒိုင်းရရှိသည့်အထက(၁)ဘောလုံးအသင်းကို ဆုချီးမြှင့်ပြီး ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် မြို့နယ်တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုငွေကျပ် သိန်း ၂၀၀ ကို ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ မင်းအောင်မြင့်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူသည်။ **ရာမည(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကျင်းပ

**မိုင်းဆတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းကို ယမန်နေ့က သဗ္ဗညုဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦး၊ အားကစားနှင့်ကာယပညာဦးစီးမှူး ဒေါ်ခင်လပြည့်ဝင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံအရာရှိ ဦးကောင်းသက်နိုင်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (၃)မှ ဒုတိယရဲမှူး လှဘုန်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်မေဖြိုးသွယ်နှင့် ဒေါ်မိမိခိုင်တို့က အသိပညာပေး ဟောပြောပြီး အားကစားပစ္စည်း



များနှင့် အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။ ထို့နောက် လူငယ်စကားဝိုင်းကို တားဆီးကာကွယ် လူကုန်ကူးမှု အန္တရာယ် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ **ယဉ်ယဉ်ဝင်း(မိုင်းဆတ်)**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျောင်းမုန့်ဈေးတန်းများတွင် သန့်ရှင်းသပ်ရပ်စွာ ရောင်းချနေမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ရွှေလင်ဗန်းကျေးရွာအုပ်စု ကျန်စစ်သားလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ် (၁၄) ကျောင်းမုန့်ဈေးတန်းကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာဝင်းမြတ်သူနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးသည်။ **ဟန်နီ(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## ၂၀၂၆ ခုနှစ် လူငယ်ရေးရာဝန်ကြီးဌာနနှင့် Maple Win NayPyiTaw အထည်ချုပ်စက်ရုံရှိ ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၃၀**

လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို Maple Win NayPyiTaw Co.,Ltd. နှင့် ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Maple Win NayPyiTaw အထည်ချုပ်စက်ရုံဝင်းရှေ့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ရတနာတန်းဝင်ကျွန်းပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ အရာထမ်း၊ အမှုထမ်းများ၊ Maple Win NayPyiTaw Co.,Ltd. မန်နေဂျာနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ကျွန်းပျိုးပင်ပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

သတင်းစဉ်



## ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၌ ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃၀**

ကချင်ပြည်နယ်ဥပဒေချုပ်ရုံးတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ (၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ဝန်ထမ်းများ ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပကြသည်။

ထိုသို့ ကျင်းပပြုလုပ်ရာ ဩဂုတ် ၂၈ ရက်က ဝန်ကြီးဌာန၏ နှစ်ပတ်လည် အခမ်းအနားကို ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/ ခရိုင်/ မြို့နယ် ဥပဒေအရာရှိများ၊ ဝန်ထမ်းများနှင့် ကျင်းပပြုလုပ်ခဲ့ပြီး ပြည်နယ်ဥပဒေချုပ် ဒေါ်နန်းလှလှအေးက အမှာစကား ပြောကြားကာ ပြည်နယ်ဥပဒေ အရာရှိ ဦးစန်းလွင်ဦးက အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု ဗီဒီယိုကလစ် ဖွင့်လှစ်ပြသခဲ့သည်။





ထို့ပြင် ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ မွေးနေ့ ကိတ်ခွဲခြင်း၊ ဝန်ထမ်းများအား ဗလာမပါကံစမ်းမဲများ ဖောက်၍ လက်ဆောင်များပေးအပ်ခြင်းနှင့် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန နှစ်ပတ်လည်နေ့ လှုပ်ရှားမှုအဖြစ် ဖိတ်ခေါ်ဖလား ဖူဆယ်ဘောလုံး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ပြုလုပ်ခဲ့ပြီး ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဆုရအသင်းများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

## တောင်သူလယ်သမားဘဝမြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၃၀**

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Farmer’s Life Upgrade Corporated Association (တောင်သူလယ်သမားဘဝမြှင့်တင်ရေးပေါင်းစည်းအသင်း) မှ တင်ပြလာသည့် အဆိုပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို Global World Insurance Company Limited (GWI) နှင့် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးခြင်းကို ယမန်နေ့က လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းသည် တောင်သူများ၏လိုအပ်ချက်များ၊ စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်တင်နိုင်ရေး၊ ဈေးကွက်ချိတ်ဆက်မှုများ ဖော်ဆောင်ရေး၊ SME လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးအပြင် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များနှင့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးအတွက် အာမခံကဏ္ဍ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သက်ထက်


ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | – | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | – | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | – | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | – | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။


## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးခွတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက်ခွဲခြားခြင်း၊ ပြင်ပမှဝင်ရောက်လာသည့် အသားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသောကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှု အားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန်တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်း များနှင့် ကန်အတွင်းရှိ ရေပေါက်ပင်များ(ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြု ရေများအား ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့် မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်းမပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း(အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့်ငါးများအတွက် သင့်တော်သောရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့် ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့်အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်။ **ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## စဝ်စံထွန်းဆေးရုံ၌ ဓာတ်ရောင်ခြည်စက်ခန်း RC အဆောက်အအုံ တည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းပြီးစီး

တောင်ကြီး ဩဂုတ် ၁၀

ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပေးနိုင်စေရန် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံတွင် ဓာတ်ရောင်ခြည်စက်ခန်း RC တစ်ထပ်အဆောက်အအုံ တည်ဆောက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။



ထိုသို့ ဓာတ်ရောင်ခြည်စက်ခန်း ၉၅ ပေ x ၅၂ ပေ RC တစ်ထပ်ဆောင် အဆောက်အအုံ တည်ဆောက်နေမှုကို ယနေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့် အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ စဝ်စံထွန်းဆေးရုံ တိုးချဲ့ငါးထပ်ဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

❖ *ကျောဖုံးမှ*

အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၁ ရက်တွင် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစား ဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ပဒေသာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ရန်ကုန်စီးတီးအသင်း၏ တိုက်စစ်ဆင်မှုများကို ဟန့်ထားနိုင်ခြင်းမရှိဘဲ ချေပဂိုးများ ခွင့်ပြုပေးခဲ့ရပြီး နောက်ကလိုက်ကစားကာ အဖိုးတန် သရေ တစ်မှတ်ကို ခွဲယူသွားနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၁၅ မိနစ်တွင် စတီဖင် အိုဂူဆူနှင့် ၄၅ မိနစ်တွင် ရန်ကုန်စီးတီးမှ ဟာရုကီ ယာမာမူရာ၏ ကိုယ့်ဂိုးကိုသွင်းမိမှုတို့မှရရှိခဲ့ပြီး ရန်ကုန်စီးတီးအသင်းအတွက် ချေပဂိုးများကို ၆၅ မိနစ်တွင် အောင်ကောင်းမာန်နှင့် နာကျင်အချိန်ပို ၉၀+၄ မိနစ်တွင် ဆေဂို ဆူချီယာတို့က ပြန်လည်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ရန်ကုန်စီးတီးမှ မြတ်ကောင်းခန့်က ရရှိခဲ့သည်။

YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၈၆ မိနစ်၌ မောင်မောင်လွင်က စတင်သွင်းယူပေးခဲ့ပြီး နာကျင်အချိန်ပို ၉၀+၄ မိနစ်တွင် မောင်မောင်လွင်၏ ပြစ်ဒဏ်ဘော ပေးပို့မှုမှတစ်ဆင့် မူစတာဖာက ခေါင်းတိုက်ကာ ဒုတိယအနိုင်ဂိုးကို ထပ်မံရယူပေးခဲ့သည်။ အဆိုပါပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့သည့် မောင်မောင်လွင်က ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။

M League ၂၀၂၆-၂၀၂၇ ပွဲစဉ် (၁) အပြီးတွင် ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတား၊ ဧရာဝတီနှင့် ရတနာပုံတို့က အနိုင်ပွဲများရရှိကာ ရမှတ် သုံးမှတ်စီပိုင်ဆိုင်ခဲ့သည်။ ရန်ကုန်စီးတီး၊ ရှမ်းယူနိုက်တက်၊ သစ္စာအားမာန်နှင့် မြဝတီတို့က ရမှတ် တစ်မှတ်စီဖြင့် ရပ်တည်ခဲ့ပြီး စစ်ကိုင်းယူနိုက်တက်၊ ဟံသာဝတီ၊ ISPE နှင့် ချင်းလန်းအသင်းတို့က ရမှတ်မရရှိသေးပေ။

**နေမျိုး၊ ဓာတ်ပုံ-MNL**

○ *ကျောဖုံးမှ*

ယနေ့ ပွဲစဉ်များတွင် MAHAR BURMA အသင်းက MAR REIN အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး UNITED CITY အသင်းက AVENGERS JUNIOR အသင်းကို ငါးဂိုး-နှစ်ဂိုး၊ PACIFIC SUN FAR အသင်းက FFU MINMAHAW အသင်းကို လေးဂိုး-တစ်ဂိုး၊ JULLNISS အသင်းက TKA STAR အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်များတွင် BUSHIDO အသင်းက SHWE PYI THAR UTD အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရယူခဲ့ပြီး VICTORIA အသင်းနှင့် SGF YOUTH အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်လေးဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ပွဲစဉ် (၁၁)အပြီးတွင် SGF YOUTH FC က ရမှတ် ၃၁ မှတ်ဖြင့် ဇယားထိပ်မှ ဆက်လက်ဦးဆောင်နေပြီး VICTORIA FC က ရမှတ် ၂၈ မှတ်ဖြင့် ဒုတိယ၊ MAHAR BURMA FC နှင့် FFU MINMAHAW FC တို့က ရမှတ် ၂၁ မှတ်စီဖြင့် အဆင့် (၃) နှင့် (၄) နေရာတို့တွင် ရပ်တည်ခဲ့သည်။

PACIFIC SUN FAR FC က ရမှတ် ၁၉ မှတ်ဖြင့် အဆင့် (၅)၊ UNITED CITY FC နှင့် AVENGERS JUNIOR FC တို့က ရမှတ် ၁၈ မှတ်စီဖြင့် အဆင့် (၆)နှင့် (၇)၊ JULLNISS FC က ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၈)၊ TKA STARS FC က ရမှတ် ၁၅ မှတ်ဖြင့် အဆင့် (၉) နေရာတို့၌ အစဉ်လိုက်ရပ်တည်ခဲ့ပြီး BUSHIDO FC က ရမှတ် ၄ မှတ်ဖြင့် အဆင့် (၁၀)၊ SHWE PYI THAR UTD FC က ရမှတ် ၃ မှတ်ဖြင့် အဆင့် (၁၁) နှင့် MAR REIN FC က ရမှတ် ၁ မှတ်ဖြင့် အဆင့် (၁၂) နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြသည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

❂ *ကျောဖုံးမှ*

ဆီဗီလာအသင်းသည် ခြေစွမ်းသာလွန်မှုရှိသော်လည်း အသင်းကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်ကြောင့် ယခုနှစ်ရာသီ ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ပထမပိုင်းတွင် သုံးဂိုးပြတ်ဦးဆောင်နိုင်ခဲ့သော အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဒုတိယပိုင်းတွင် ဆီဗီလာအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားရခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်း တိုက်စစ်ကစားသမား အဲလက်စ်ဘာအဲနာ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါ သွင်းဂိုးများကြောင့် ယခုနှစ်ရာသီ လာလီဂါပွဲစဉ် သုံးပွဲကစားအပြီးတွင် သွင်းဂိုးသုံးဂိုးရှိလာပြီ ဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်း ဂိုးသမား ဂျန်အော့ဘလက်သည် ပြိုင်ဘက်ဆီဗီလာအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေး လေးကြိမ်ထက်မနည်းကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါပွဲစဉ် (၃) အပြီးတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ နှစ်ပွဲနိုင် တစ်ပွဲသရေဖြင့် ရမှတ် ခုနစ်မှတ် ရရှိထားသည်။ ပြိုင်ဘက်ဆီဗီလာအသင်းက သုံးပွဲကစားပြီး နှစ်ပွဲနိုင်တစ်ပွဲရှုံးဖြင့် ရမှတ်ခြောက်မှတ် ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် အလာဗက်စ်က ဗီလာရီးရဲကို တစ်ဂိုး-ဂိုးမရှိ၊ လီဗန်တေးက ဘက်တစ်ကို ငါးဂိုး- နှစ်ဂိုး၊ ဆိုစီဒက်က အက်စပန်ညိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မိုးရွာသွန်းခြင်းနှင့်လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## သီရိလင်္ကာနှင့် ယှဉ်ပြိုင်ရမည့် AFC U-20 Asian Cup ခြေစစ်ပွဲအတွက် အပြည့်အဝပြင်ဆင်ထားဟု နည်းပြချုပ်ပြောကြား

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2027 AFC U-20 Asian Cup Qualification (Development Phase) အုပ်စု (K) ပွဲစဉ်အဖြစ် အိမ်ရှင် မြန်မာ ယူ-၂၀ အသင်းသည် ဩဂုတ် ၁၁ ရက် ညနေ ၄ နာရီတွင် သီရိလင်္ကာ အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်း ပါဝင်သည့် အုပ်စု(K)တွင် မော်လဒိုက်၊ ဘရူနိုင်းနှင့် သီရိလင်္ကာအသင်းတို့ ပါဝင်ပြီး မြန်မာအသင်းအနေဖြင့် စက်တင်ဘာ ၃ရက်တွင် ဘရူနိုင်း၊ စက်တင်ဘာ ၆ရက်တွင် မော်လဒိုက်အသင်းတို့နှင့်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲကြို သတင်းစာရှင်းလင်းပွဲတွင် မြန်မာ ယူ-၂၀ အသင်း နည်းပြချုပ် Ryuji Sueoka က နှစ်နှစ်တာကာလအတွင်း အသင်းအနေဖြင့် အတွေ့အကြုံများစွာ ရရှိခဲ့ကာ ကစားသမားများ သိသိသာသာ တိုးတက်လာခဲ့သဖြင့် ဩဂုတ် ၁၁ ရက်တွင် ယှဉ်ပြိုင်ရမည့် သီရိလင်္ကာအသင်းနှင့် ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပြီး ပွဲစဉ်တိုင်းကို အောင်မြင်စွာ ကျော်ဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာယူ-၂၀ အသင်းခေါင်းဆောင် သက်ပိုင်စိုးက နည်းပြ၏ ညွှန်ကြားချက်များကို အပြည့်အဝ လိုက်နာကစားသွားမည်ဖြစ်ပြီး လက်ရှိတွင် တစ်သင်းလုံးအနေဖြင့် ပြိုင်ပွဲအတွက် အပြည့်အဝ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**



# ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့်ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၃ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၈ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည် ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ကုန်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့်နုန်းများ ၊ အမှိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ မင်္ဂလာဒုံမြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**ရန်ကုန် ဩဂုတ် ၃၀**

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံ၏ ခိုင်မာသည့်သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အထက(၁)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်များသို့ သွားရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်း မစတင်မီခေတ်ပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းစသည့် ပြခန်းများသို့ လေ့လာရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူတစ်ဦးက အမျိုးသားပြတိုက်၏ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် ပြသထားရှိမှုများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာကာသပြတိုက်သို့ သွားရောက်လေ့လာကြကာ အာကာသပြတိုက်တွင် အာကာသနှင့် နေအဖွဲ့အစည်း၊ ဂြိုဟ်ကြီးကိုးလုံးနှင့် အသစ်ထပ်မံတွေ့ရှိသော ဂြိုဟ်များ၊ ကမ္ဘာဂြိုဟ်နှင့် ပတ်သက်သော အသေးစိတ်ဗဟုသုတများနှင့် သက်ရှိများ တည်ရှိရှင်သန်ပုံ၊ နီးနွှယ်ဆက်စပ်အပြန်အလှန် အမှီသဟဲဖြစ်တည်ပုံတို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို အသက်ကိုပင်ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်အနစ်နာခံကာ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်း တစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသောအချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box) နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့်အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# သုတေသနနှင့် နည်းပညာဖြင့် မြန်မာ့နှမ်းစိုက်ပျိုးထုတ်လုပ်မှုအနာဂတ်ကို ပုံဖော်ခြင်း

ဒေါက်တာပပဝင်း(စိုက်/သု)

မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံစိုက်ပျိုးရာတွင် ရေ၊ မြေ ဒေသရာသီဥတုကိုလိုက်၍ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ်ကဲ့သို့သော သက်တမ်းတို သီးနှံများအပြင် ဆီအုန်းကဲ့သို့ နှစ်ရှည်ပင်သီးနှံများကိုပါ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ကမ္ဘာ့အဆင့် စိုက်ပျိုးထုတ်လုပ်မှု၌ နှမ်းသီးနှံသည် အဆင့် (၄)နှင့် မြေပဲသီးနှံသည် အဆင့် (၆) တွင် ရပ်တည်လျက်ရှိပါသည်။

**ဆီထွက်သီးနှံများအနက် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို အဓိကထား စိုက်ပျိုးကြပြီး နှမ်းစိုက် ဧရိယာက စုစုပေါင်း ဆီထွက်သီးနှံ စိုက်ဧရိယာ၏ ၄၅ မှ ၅၀ ရာခိုင်နှုန်းခန့်ရှိသည်။** နှမ်းသီးနှံသည် မိုးခေါင်ရေရှားဒဏ်နှင့် ပူပြင်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဖြစ်သော မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

နှမ်းသီးနှံသည် ပြည်တွင်းစားသုံးမှုသာမက ဂျပန်၊ တရုတ်နှင့် ကိုရီးယားနိုင်ငံတို့သို့ နှစ်စဉ်တန်ချိန်ပေါင်းများစွာ တင်ပို့လျက်ရှိပြီး နိုင်ငံတော်အတွက် လိုအပ်သော နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးသည့် သီးနှံတစ်မျိုးလည်းဖြစ်သည်။ ယခုအခါ စိုက်ပျိုးဧရိယာ များပြားသော်လည်း တစ်ဧကအထွက်နှုန်းမှာ ပန်းတိုင်အထွက်နှုန်းနှင့် ကွာဟနေဆဲဖြစ်သည်။

### နှမ်းသီးနှံ အသုံးဝင်ပုံနှင့် အာဟာရတန်ဖိုး

နှမ်းကို အဓိကစားသုံးဆီအဖြစ်သာမက တိရစ္ဆာန်အစာ၊ လောင်စာ၊ အလှကုန်နှင့် ဆေးဝါးထုတ်လုပ်မှုတို့တွင် ကျယ်ပြန့်စွာ အသုံးပြုကြသည်။ ခြောက်သွေ့သော နှမ်းစေ့တွင် အစိုဓာတ် ၄ ဒသမ ၅ မှ ၆ ဒသမ ၅ ရာခိုင်နှုန်း၊ ပရိုတင်း ၁၉ မှ ၂၆ ရာခိုင်နှုန်း၊ ပြာဓာတ် ၅ ရာခိုင်နှုန်း၊ ကယ်လ်စီယမ်နှင့် ဗီတာမင်များ (သိုင်ယာမင်၊ နိုင်ယာဆင်၊ ဗီတာမင် စီ/အီး/ကေ)တို့ စုံလင်စွာပါဝင်သည်။ နှမ်းဆီ ၁၀၀ ဂရမ်တွင် မိုနိုမပြည့်ဝဆီ ၄၂ ဂရမ်၊ ပိုလီမပြည့်ဝဆီ ၄၃ ဂရမ်နှင့် ပြည့်ဝဆီ ၁၅ ဂရမ်တို့ပါဝင်ပြီး ကိုလက်စထရော လုံးဝမပါဝင်ပါ။

ထို့ပြင် နှမ်းဆီ၌ပါဝင်သော ထူးခြားသည့် ဆီဆမို (Sesamol)နှင့် ဖိုက်တိုစတီရော (Phyto-sterols) ဓာတ်ပေါင်းများကြောင့် အောက်ဆီဒေးရှင်းဖြစ်စဉ်ကို တားဆီးပေးပြီး ဆီကို သိုလှောင်သက်တမ်းကြာရှည်စွာထားနိုင်သည်။ ပါဝင်သော အာဟာရဓာတ်ပမာဏသည် မျိုး၊ ရာသီဥတုနှင့် မြေအမျိုးအစားပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။

### ပန်းတိုင်အထွက်ရ နှမ်းစိုက်ပျိုးနည်းစနစ်များ

ပန်းတိုင်အထွက်ရရှိရန်အတွက် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်းမှာ အလွန်အရေးကြီးပါသည်။ နှမ်းကို သက်တမ်းအရ သက်လျင်၊ သက်လတ်နှင့် သက်ကြီးမျိုးဟူ၍ သုံးမျိုးခွဲခြားနိုင်ပါသည်။ သက်လျင်နှမ်းမျိုးများ(ဥပမာ – မယ်သီလ၊ ရသေ့ကျော်မျိုး၊ ကံရှိ နှမ်းမျိုးများ)သည် အသက်ရက် ၆၀ မှ ၇၀ ဝန်းကျင်ခန့်ရှိပြီး သက်လတ်နှမ်းမျိုးများ (ဥပမာ – ဆင်းရတနာ နှမ်းမျိုးနှင့် မကွေး နှမ်းမျိုးများ)သည် သက်ရက် ၈၀–၉၀ ရက် ဝန်းကျင်ခန့်ရှိပါသည်။

သက်ကြီး နှမ်းမျိုးများ (ဥပမာ– ကြယ်မရှောင်၊ စလင်းဘုတ်ထောင်) မျိုးတို့သည် သက်ရက် ၁၂၀ မှ ၁၃၅ ရက် ဝန်းကျင်ခန့်ရှိပါသည်။ သက်ကြီးမျိုးအများစုသည် လင်းတာတုံ့ပြန်မှုရှိသည့် မျိုးများဖြစ်ကြသည်။ ထို့ပြင် နှမ်းစေ့၏အရောင်ကိုလိုက်၍လည်း နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းနက်မျိုးဟူ၍ ခွဲခြားထားပါသည်။ တောင်သူများအနေဖြင့် မိမိဒေသ ရေမြေသဘာဝစိုက်ချိန်နှင့် ဈေးကွက်လိုအပ်ချက်တို့အပေါ် မူတည်ပြီး နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါသည်။ မိုးခေါင်ပြီး ဖြည့်စွက်ရေမပေးသွင်းနိုင်သည့် ဒေသများတွင် သက်တမ်းတို၍ ရေငတ်ဒဏ်ခံမျိုးများကို ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ယခုအချိန်ထိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်း နှမ်းမျိုးပေါင်း ၁၇ မျိုးကို ထုတ်ဝေပြီးဖြစ်ပါသည်။



**နှမ်းမျိုးများ၏အရည်အချင်းလက္ခဏာများ**

| လက္ခဏာ | မျိုးအမည် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | နှမ်းဖြူ | | | | နှမ်းနီ | | နှမ်းနက် | | | |
| | ဘပန် | ဆင်းရတနာ -၄ | ဆင်းရတနာ -၁၂ | မကွေးဖြူ | မကွေး ၂/၂၁ | မကွေး ၇/၉ | သိပ္ပံနှမ်းနက် | မကွေးနှမ်းနက် ၁/၁၃ | မကွေးနှမ်းနက် ၂/၁၄ | ဆင်းရတနာ-၁၄ |
| အသက်ရက် | ၈၀–၈၅ | ၈၀–၈၅ | ၈၀–၈၅ | ၇၅–၈၀ | ၈၅–၉၅ | ၈၅–၉၅ | ၈၀–၈၅ | ၈၀–၈၅ | ၇၅–၈၀ | ၈၀–၈၅ |
| အပင်ပုံစံ | ကိုင်းဖြာ | တစ်ပင်တိုင် | တစ်ပင်တိုင် | ကိုင်းဖြာ | ကိုင်းဖြာ | ကိုင်းဖြာ | ကိုင်းဖြာ | ကိုင်းဖြာ | ကိုင်းဖြာ | ကိုင်းဖြာ |
| တစ်ဆစ်ရှိအသီး | ၁ | ၃ | ၃ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| အသီးပုံစံ | ဝါးတက် | စုံတက် | စုံတက်၊ သီးလုံး | ဝါးတက် | ဝါးတက် | ဝါးတက် | ဝါးတက် | ဝါးတက် | စုံတက် | ဝါးတက် |
| အစေ့အရောင် | အဖြူ | အဖြူ | အဖြူ | အဖြူ | အနီ | အနီ | အနက် | အနက် | အနက် | အနက် |
| အစေ့ ၁၀၀၀ အလေးချိန် (ဂရမ်) | ၂.၈ | ၃.၂ | ၃.၀ | ၂.၈ | ၂.၈ | ၃.၀ | ၃.၂ | ၃.၂ | ၃.၂ | ၃.၂ |
| ဆီပါဝင်မှုရာခိုင်နှုန်း | ၄၆ | ၄၆ | ၄၆ | ၄၈ | ၅၃ | ၅၃ | ၅၀ | ၅၁ | ၅၃ | ၄၅ |
| အထွက်နှုန်း (တင်း/ဧက) | ၁၂–၁၅ | ၁၂–၁၅ | ၁၂–၁၅ | ၁၂–၁၅ | ၁၀–၁၂ | ၁၀–၁၂ | ၁၅–၂၀ | ၁၅–၂၀ | ၁၂–၁၅ | ၁၅–၂၀ |
| ထူးခြားချက် | အထွက်နှုန်းတည်ငြိမ် | ပြည်ပဈေးကွက်ဝင် အစေ့အရောင်ရှိ ရေကောင်းမြေကောင်းကြိုက် | ရှစ်မြှောင့်သီး၊ ပြည်ပဈေးကွက်ဝင် | အသက်လျင်၊ အထွက်ကောင်း | အထွက်ကောင်း | အထွက်ကောင်း | ပြည်ပဈေးကွက်ဝင် | အစေ့အရောင်လှ | အသက်လျင် | အထွက်ကောင်း ပြည်ပဈေးကွက်ဝင်၊ |
| သင့်တော်သည့်ဒေသ | နှမ်းစိုက်ဒေသအားလုံး | မိုးကြိုနှင့်စပါးပြီးသီးထပ်လယ်မြေများတွင် ပိုမိုဖြစ်ထွန်းအောင်မြင် | မိုးကြိုနှင့်စပါးပြီးသီးထပ်လယ်မြေများတွင် ပိုမိုဖြစ်ထွန်းအောင်မြင် | နှမ်းစိုက်ဒေသအားလုံး | နှမ်းစိုက်ဒေသအားလုံး | နှမ်းစိုက်ဒေသအားလုံး | နှမ်းစိုက်ဒေသအားလုံး | နှမ်းစိုက်ဒေသအားလုံး | နှမ်းစိုက်ဒေသအားလုံး | နှမ်းစိုက်ဒေသအားလုံး |

### မြေအမျိုးအစားနှင့်စိုက်ပျိုးနည်းစနစ်

နှမ်းသီးနှံသည် မြေချဉ်ငန်ကိန်း ၅ ဒသမ ၅ မှ ၈ ဒသမ ၀ အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည်ဆိုသော်လည်း မြေချဉ်ငန်ကိန်း ၆ မှ ၇ အကြားကို ပိုမိုကြိုက်နှစ်သက်၍ နုန်းမြေ၊ သဲနုန်းမြေများတွင် ကောင်းစွာ ဖြစ်ထွန်းပါသည်။ သို့သော် နှမ်းစိုက်ပျိုးသော အညာဒေသရှိ စိုက်ပျိုးမြေအများစုသည် မြေနီသဲဝန်းများ၊ ကျောက်စရစ်ရောသဲမြေများ၊ မြေဝါ အနည်းငယ်ရောသည့် သဲမြေများ စသည့် မြေညံ့များဖြစ်ကြသည်။ ထို့ကြောင့် နှမ်းစိုက်ပျိုးမြေများကို မြေဆီသြဇာ ထက်သန်လာစေရန် ပြုပြင်ပေးရပါမည်။

စနစ်တကျ ရေထွက်ရေးခံခြင်း၊ စိုက်ပျိုးမြေအား ညီညာစွာပြုပြင်ခြင်း၊ စိုက်ခင်းအတွင်း ရေထိန်းသိမ်းမှုကောင်းစေရန် စီမံခြင်း၊ စိုက်ခင်းဘေးများတွင် လေကာပင်များ စိုက်ပျိုးခြင်း (ဥပမာ– ဘောစကိုင်း၊ ပဲစင်းငုံ၊ မြေနိမ့်ချယ်ရီပင်များ)နှင့် နွားချေးဆွေး၊ မြေဆွေးများ ထည့်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မည်သည့်သီးနှံမဆို ထယ်ရေးကောင်းရန် လိုအပ်ပါသည်။ အထူးသဖြင့် နှမ်းကဲ့သို့ အစေ့သေးသီးနှံများ စိုက်ပျိုးရာတွင် "ငုံးပျံဖုန်ထ နှမ်းကြဲကြ" ဆိုသည့်အတိုင်း မျိုးစေ့မျက်နှာပြင်များအားလုံး မြေသားနှင့် ထိစပ်မှုရှိစေရေး ထယ်ရေးကောင်းရန် အထူးလိုအပ်ပါသည်။

နှမ်းတစ်ပြည်လျှင် အစေ့ပေါင်း ငါးသိန်းခွဲခြောက်သိန်းခန့် ပါသည်ဆိုသော်လည်း "ထူမမှားပါးမရ" ဟု အဆိုရှိသောကြောင့် မျိုးစေ့နှုန်းထားအနေဖြင့် အပင်ပေါက် ၈၀ ရာခိုင်နှုန်းနှင့် အထက်ရှိသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ ၁ ဒသမ ၅ ပြည်မှ ၂ ပြည်ခန့် စိုက်ပျိုးသင့်ပါသည်။ နှမ်းသီးနှံတွင် တစ်ပင်တိုင် နှမ်းမျိုးများအတွက် ထောက်ခံစိုက်တန်း စိုက်ကျင်းမှာ ၁၂ လက်မ x ၄ လက်မ (အပင်ဦးရေ ၁၃၂၀၀၀ ခန့်)နှင့် ကိုင်းဖြာမျိုးများအတွက် ၁၅ လက်မ x ၄ လက်မ (အပင်ဦးရေ ၁၀၄၅၄၄ ပင်ခန့်)တို့ ဖြစ်ပါသည်။ မလိုလားအပ်သည့် အပင်ဦးရေရှိနေခြင်းသည် နှမ်းအထွက်ကို ကျစေသောကြောင့် "နှမ်းမှုန်းရာ အိမ်သူမပါရ" ဆိုသည့်အတိုင်း နှမ်းမှုန်းခြင်းကို အပင်၏ အရွက်စစ်လေးရွက်နှင့် ခြောက်ရွက်ထွက်ချိန်များတွင် မျိုးအလိုက်ထောက်ခံ အပင်ဦးရေရသည်အထိ မှုန်းပေးရပါမည်။

နှမ်းသီးနှံ ပန်းတိုင်အထွက်ရရှိရန် သဘာဝမြေသြဇာများဖြစ်သည့် နွားချေး သို့မဟုတ် မြေဆွေးများကို တစ်ဧကလျှင် ၁ ဒသမ ၅ တန်နှုန်းနှင့် ဓာတ်မြေသြဇာများဖြစ်သည့် ယူရီးယား/ ပုလဲ ၈၄ ပေါင် (မြေခံ၊ အရွက်သုံးစုံထွက်ချိန်နှင့် ပန်းစပွင့်ချိန်) တီစူပါ/ ကြွက်ချေး ၅၆ ပေါင် (မြေခံ)၊ ပိုတက်ရှ် / ဓာတ်ဆား ၂၈ ပေါင်(မြေခံ)၊ ကျောက်မှုန့် ၅၆ ပေါင် (ပန်းဖူးဝင်ချိန်)၊ ထရိုင်ဂိုဒါးမား ၁၀ ထုပ်(မြေခံ) တို့ကို အချိန်ကိုက် အချိုးကျထည့်သွင်းအသုံးပြုပေးရပါမည်။ ယူရီးယားထည့်သွင်းသည့် အကြိမ်တိုင်းထည့်သွင်းမည့်ပမာဏနှင့်ညီမျှသည့် နွားချေးဆွေး/ မြေဆွေးအခြောက်မှုန့်တို့နှင့် ဆတူရောစပ်၍ တစ်ညခန့်နှပ်ထားပြီးမှ ထည့်သွင်းပေးပါက မိမိထည့်သွင်းလိုက်သည့် ယူရီးယားဓာတ်မြေသြဇာများ လေလွင့်ဆုံးရှုံးမှုမရှိဘဲ အကျိုးရှိမည်ဖြစ်ပါသည်။

အစေ့အဆန်ပြည့်ရန် ပန်းစပွင့်ချိန်မှစ၍ ရေတစ်ဂါလန်လျှင် ယူရီးယား ၄ – ၅ ဇွန်းနှင့် ဘိုရွန်တစ်ဇွန်း ငါးရက်ခြားတစ်ခါ ငါးကြိမ် ခန့်ပက်ဖျန်းပေးရပါမည်။ အပင်သက်တမ်း သုံးပုံတစ်ပုံအတွင်း စနစ်တကျ ပေါင်းနှိမ်နင်းပေးရပါမည်။ နှမ်းသီးနှံကို မိုးကြိုနှမ်း/နွေနှမ်း၊ မိုးနှမ်း၊ ဆောင်းနှမ်းဟူ၍ ရာသီသုံးမျိုးလုံးတွင် စိုက်ပျိုးကြပါသည်။ မြန်မာလူမျိုးများအနေဖြင့် နှမ်းသီးနှံနှင့်ပတ်သက်၍ စကားပုံများစွာရှိပါသည်။ "ဝါကဆုန် နှမ်းနယုန်" ဆိုသည့်အတိုင်း မိုးနှမ်းကို မေလအတွင်း၊ "ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက် နှမ်းပုံပျက်" မဖြစ်ရလေအောင် "ဖျောက်ဆိပ်ကြည်လွဲ နှမ်းကြီးကြဲ" ဆိုသည့်အတိုင်း မိုးနှောင်း/ ဆောင်းနှမ်းကို စက်တင်ဘာလအတွင်း၊ နွေနှမ်း/မိုးကြိုနှမ်းကို ဖေဖော်ဝါရီဒုတိယပတ်မှ မတ်လပထမပတ်အတွင်း စိုက်ပျိုးရမည်ဖြစ်သည်။

### ရေလိုအပ်ချက်

နှမ်းသီးနှံသည် အသင့်အတင့် ရေငတ်ဒဏ်ခံသည့် သီးနှံဖြစ်သော်လည်း အထူးသဖြင့် မိုးစိုက်နှမ်းများ၏ စိုက်ချိန်ကို မိုးရွာသွန်းသည့်ပုံစံနှင့် သေချာချိန်ထိုး စိုက်ပျိုးကြရန်လိုအပ်ပါသည်။ အညာဒေသတွင် မုတ်သုံမိုးမရွာသွန်းမီ ပျံ့ကျမိုးတစ်ဖြိုက်ခန့်ရွာသွန်းလေ့ရှိပြီး အဆိုပါ ပျံ့ကျမိုးကျလျှင် တောင်သူများသည် မိုးနှမ်းကိုစိုက်ပျိုးလေ့ရှိသည်။ နှမ်းသီးနှံသည် မြေတွင်းအစိုဓာတ်အနည်းငယ်ဖြင့် အပင်ပေါက်နိုင်သော်လည်း နောက်မိုးမလိုက်လျှင် အပင်သေနိုင်ပါသည်။

ယခုအခါ မိုးလေဝသခန့်မှန်းချက်များ ခေတ်မီတိကျလာပြီး မိမိတို့ လက်ကိုင်စမတ်ဖုန်းများတွင် software များ ထည့်သွင်းထားရုံဖြင့် ခန့်မှန်းနိုင်ပါသည်။ အဆိုပါအသိပညာများကို နည်းပညာပြန့်ပွားရေးဝန်ထမ်းများက တောင်သူများအား ဖြန့်ဝေပေးသွားရမည်ဖြစ်ပါမည်။ နှမ်းသီးနှံ၏ သက်တမ်းတစ်လျှောက် ရေလိုအပ်ချက်မှာ ၁၂ မှ ၁၈ လက်မခန့်ဖြစ်ပါသည်။ အထူးသဖြင့် အပင်အတွက် အရေးကြီးဆုံးအချိန်များဖြစ်သည့် အပင်ငယ်စဉ် ၁ မှ ၁ ဒသမ ၅ လက်မ၊ ပင်ပိုင်းကြီးထွားချိန် ၃ မှ ၄ လက်မ၊ ပန်းပွင့်ချိန်နှင့်အသီးသီးချိန် ၆ မှ ၈ လက်မ၊ အစေ့အဆန်တည်ချိန် ၁ ဒသမ ၅ မှ ၂ လက်မခန့်တို့ရမှသာ ပန်းတိုင်အထွက်ရနိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

# ပန်းတနော်မြို့နယ်၌ ရေမြောင်းဆယ်ယူရှင်းလင်းနေမှု ကွင်းဆင်းစစ်ဆေး

**ပန်းတနော် ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ မြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေဝပ်မှုမရှိစေရေးအတွက် ရေမြောင်းဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများကိုစည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်စုစုအောင်တို့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့ မြို့ကွက်သစ်ရပ်ကွက်၊ မာလာရိုး ၅ လမ်းဘေး ရေမြောင်းများ ဆယ်ယူရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာပိုမိုကောင်းမွန်စေရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည်များ မှာကြားသည်။

မြို့နယ်(ပြန်/ဆက်)



# ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ဥပဒေရေးရာဝန်ကြီးဌာန (၅)နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကျင်းပ

**ပဲခူး ဩဂုတ် ၃၀**

ဥပဒေရေးရာဝန်ကြီးဌာန (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်နှင့် ဥပဒေအရာရှိများက ဥပဒေရေးရာဝန်ကြီးဌာန (၅)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား ဆုငွေများချီးမြှင့်ထောက်ပံ့ပေးခဲ့သည်။ တိုင်းဒေသကြီး(ပြန်/ဆက်)



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၏ ကြီးကြပ်မှုဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းနှင့် အိုင်အိုဒင်းဆားများ သတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ရွှေလင်ဘန်းကျေးရွာအုပ်စု ရွှေလင်ဘန်းဈေးရှိ ဈေးဆိုင်များ၌ အသိပညာပေး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်၊ မြို့နယ်ကျန်းမာရေးမှူးနှင့် ပူးပေါင်းအဖွဲ့များက သောက်သုံးရေများတွင် ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများ ဝေငှခြင်းနှင့် ကုန်စုံဆိုင်တို့တွင် အိုင်အိုဒင်းဆားများ သတ်မှတ်အရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟန်နီ
(ပြန်/ဆက်)



# ရပ်ကွက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရန် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

**ဒလ ဩဂုတ် ၃၀**

ရပ်ကွက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ၆ နံပါတ်ရပ်ကွက် ဦးရင်မောင် ၃ လမ်းကို ယနေ့ နံနက်ပိုင်းက ကိုယ့်အားကိုယ်ကိုး လမ်းခင်းလျက်ရှိသည်။

အဆိုပါ အရှည် ပေ ၄၆၊ အကျယ် ငါးပေ၊ ဒု ငါး လက်မရှိ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၉၀ ကုန်ကျမည့် ကွန်ကရစ်လမ်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့် ဦးဆောင်၍ လမ်းသူလမ်းသားများနှင့် စေတနာရှင်အလှူရှင်များ စုပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လမ်းခင်းရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိန်မြင့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မောင်ယဉ်ဦး(ဒလ)






**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။**

*စာမျက်နှာ ၁၀ မှ*

မိုးစိုက်နှမ်းကို စိုက်ပျိုးရာတွင် မိုးရွာသည့် အနေအထားများကို ချင့်ချိန်ခန့်မှန်းစိုက်ရန် လိုအပ်သည်။ ဖြည့်စွက်ရေသွင်းသည့်အခါ လွယ်ကူစေရန်နှင့် ပုတ်ထဲကျီထဲမရောက်မီ နှမ်းသိမ်းခါနီး မိုးကြီးမိ၍ ရေဝပ်ခြင်းမှ ရှောင်ကြဉ်နိုင်ရန် စိုက်ပျိုးသည့်အခါ ကြဲပက်စိုက်ပျိုးခြင်းထက် စနစ်တကျပေါင်တင်ပြီး စိုက်ကြောင်းဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပါသည်။ အညာဒေသ မိုးခေါင်၍ ဖြည့်စွက်ရေ ပေးသွင်းနိုင်ခြင်းမရှိသည့်အခြေအနေတွင် နောက်မိုးမလာခင် နှမ်းပင် အသက်ဆက်နိုင်ရန်အတွက် ရေကို တစ်ဧကလျှင် ၄ ဂါလန်ဆံ့ ဆေးဖျန်းပုံးနှင့် ၁၀ မှ ၁၅ ပုံးခန့်အား ရေအစက်အပျောက်သေးနိုင်သမျှ သေးအောင် (Fine spray) ပြုလုပ်ပြီး အပင်အထက်မှ ဖျန်းပေးသင့်ပါသည်။

ထိုသို့ဆောင်ရွက်မည်ဆိုပါက အရွက်များ ရေငွေ့ပြန်ခြင်းကို အနည်းငယ်လျှော့ချနိုင်ခြင်း၊ အပင်နှင့် အပင်၏အနီးကပ်ဆုံး ပတ်ဝန်းကျင်အပူချိန်ကို ချက်ချင်းအနည်းငယ်မျှ ကျဆင်းသွားစေနိုင်ခြင်းတို့ကြောင့် နောက်မိုးမလာခင်အထိ အပင်အသက်ဆက်နိုင်ရန် ရေဓာတ်ပံ့ပိုးပေးထားနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ရေဖျန်းခြင်းကို နံနက်စောစော ၆ နာရီမှ ၈ နာရီအတွင်း သို့မဟုတ် ညနေစောင်း ညနေ ၄ နာရီခွဲ နောက်ပိုင်းတွင်သာ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

> **"နှမ်းစိုက်ပျိုးထုတ်လုပ်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရန် မိုးကောင်းသောက်ဒေသများအတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော မျိုးသစ်များနှင့် အထွက်နှုန်းကောင်းစေမည့် စိုက်ပျိုးနည်းစနစ်များကို သုတေသနပြု ရှာဖွေဖော်ထုတ်ခြင်း၊ ရရှိလာသည့် သုတေသနရလဒ်များကို စိုက်ပျိုးပညာပေးဝန်ထမ်းများက တောင်သူများထံ ဖြန့်ဝေခြင်း၊ မျိုးစေ့ထုတ်တောင်သူအသင်းများ ဖွဲ့စည်း၍ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ သီးနှံအာမခံစနစ်များ ထားရှိခြင်းနှင့် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားကြရမည်ဖြစ်"**

နှမ်းတွင် ပိုးအနေဖြင့် စုပ်ပိုးများနှင့် ရွက်လိပ်ပိုးများ ကျရောက်တတ်ပြီး အဖြစ်အများဆုံးရောဂါများမှာ နှမ်းရိုးမည်းရောဂါနှင့် နှမ်းဖိုရောဂါတို့ဖြစ်သည်။ ပိုးမွှားရောဂါများ ကျရောက်ပါက ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများသုံး၍ ကြိုတင်ကာကွယ်နှိမ်နင်းပေးရပါမည်။ စိုက်ခင်းတစ်ခုလုံး အဝါရောင်သန်းချိန်၊ အပင်တစ်ပင်၏ သီးတောင့်များ ၇၅ ရာခိုင်နှုန်း ရင့်မှည့်ချိန် အလေအလွင့်မရှိအောင် ရိတ်သိမ်းရပါမည်။ ရိတ်သိမ်းပြီး တစ်ညအိပ် နှစ်ရက်ခန့် နှမ်းပုံ၍ နှမ်းရွက်များခါပြီးနောက် ချက်ချင်းစည်း၍ နေရောင်အောက်တွင် ထောင်ပါ။ နှမ်းခါခြင်းနှင့် ပြာတီးသန့်စင်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပါ။ ရိတ်သိမ်းပြီး နှမ်းစေ့များတွင် Free Fatty Acid ပါဝင်မှု ၂ ရာခိုင်နှုန်းထက်နည်းရန်၊ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်မရှိရန်နှင့် အစိုဓာတ်ရာခိုင်နှုန်း ၇ ရာခိုင်နှုန်းထက် မများရန် အထူးသတိပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံရေးနှင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် အရေးပါသော နှမ်းသီးနှံသည် အထွက်နှုန်းနှင့် စီးပွားရေး တွက်ခြေကိုက်မှုတို့တွင် ကွာဟချက်ကြီးမားလျက်ရှိပြီး ရာသီဥတုဖောက်ပြန်မှု၊ သွင်းအားစုနှင့် စိုက်ပျိုးရေရရှိမှု အခက်အခဲများ၊ ခေတ်မီစက်မှုလယ်ယာစနစ်ကူးပြောင်းရေးအတွက် လိုအပ်ချက်များနှင့် မျိုးကောင်းမျိုးသန့် သုံးစွဲမှု အားနည်းခြင်းများစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

ထို့ကြောင့် နှမ်းစိုက်ပျိုးထုတ်လုပ်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရန် မိုးကောင်းသောက် ဒေသများအတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော မျိုးသစ်များနှင့် အထွက်နှုန်းကောင်းစေမည့် စိုက်ပျိုးနည်းစနစ်များကို သုတေသနပြု ရှာဖွေဖော်ထုတ်ခြင်း၊ ရရှိလာသည့် သုတေသနရလဒ်များကို စိုက်ပျိုးပညာပေး ဝန်ထမ်းများက တောင်သူများထံ ဖြန့်ဝေခြင်း၊ မျိုးစေ့ထုတ်တောင်သူအသင်းများ ဖွဲ့စည်း၍ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ သီးနှံအာမခံစနစ်များ ထားရှိခြင်းနှင့် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ရာသီဥတုသည် သဘာဝဖြစ်လို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပဓာနကျသော လူသားများ၏ စီမံခန့်ခွဲမှုအားကောင်းလာမည်ဆိုပါလျှင် "မှန်းချက်နှင့် နှမ်းထွက်ကိုက်" မည်ဖြစ်ပြီး "လောင်းကစားသီးနှံ" ဖြစ်သော နှမ်းကို အနိုင်ကစားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု - အခွင့်အလမ်း၊ အခက်အခဲနှင့် ဖြေရှင်းနည်းများ

မောင်မျိုးခိုင်(ကွန်ပျူတာတက္ကသိုလ်)

ယနေ့ ၂၁ ရာစု ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြောင်းလဲလာသော နည်းပညာခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါနိုင်ရန်အတွက် 'ဒီဂျစ်တယ် အသွင်ကူးပြောင်းမှု' (Digital Transformation) ကို မဖြစ်မနေဆောင်ရွက်လျက်ရှိကြပါသည်။ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုသည်မှာ ကွန်ပျူတာ၊ အင်တာနက်နှင့် ခေတ်မီ ICT နည်းပညာရပ်များကို အသုံးပြု၍ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍစုံကို ပိုမိုမြန်ဆန်ချောမွေ့အောင် အခြေခံမှစ၍ ပြောင်းလဲပစ်ခြင်းပင်ဖြစ်ပါသည်။

❖ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ ဘက်စုံတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်သည့် "စွမ်းအား" တစ်ခုပင် ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့်စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သော်လည်း ယူဆောင်လာမည့် အခွင့်အလမ်းများမှာ နိုင်ငံတစ်နိုင်ငံအား ခုန်ပျံကျော်လွှား တိုးတက်သွားစေနိုင်လောက်အောင် အလွန်ပင်ကြီးမားလှပါသည်။ သို့ဖြစ်ရာ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် လူတိုင်းပါဝင်နိုင်သည့် အနာဂတ်အခွင့်အလမ်းသစ်များနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လမ်းခင်းပေးနိုင်မည်

အဆိုပါလုပ်ငန်းစဉ်သည် နိုင်ငံတစ်နိုင်ငံအား ခုန်ပျံကျော်လွှား (Leapfrog) လျင်မြန်စွာတိုးတက်သွားစေနိုင်သလို စနစ်တကျကြိုတင်ပြင်ဆင်မှုမရှိပါကလည်း အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤဆောင်းပါးတွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် e-Estonia ဟုပင် စံပြုတင်စားခံရသည့် ဥရောပတိုက်ရှိ အက်စတိုးနီးယားနိုင်ငံနှင့် လက်ရှိအချိန်တွင် ကြိုးပမ်းကူးပြောင်းနေဆဲနိုင်ငံများ၏ အတွေ့အကြုံများ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ပြန်ထားသည့် အစီရင်ခံစာများကို အခြေခံ၍ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကြောင့် ရရှိလာမည့်အခွင့်အလမ်းများ၊ ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲများနှင့် မဟာဗျူဟာမြောက်ဖြေရှင်းနည်းများကို ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

**ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကြောင့် ရရှိလာမည့် အခွင့်အလမ်းများ**

ကမ္ဘာ့နိုင်ငံများတွင် ဒီဂျစ်တယ်နည်းပညာကို ကဏ္ဍစုံ၌ စနစ်တကျပေါင်းစပ်အသုံးချနိုင်ပါက အောက်ပါအခွင့်အလမ်းများကို ရရှိခံစားရကြောင်း လေ့လာတွေ့ရှိရပါသည်။

**(က) စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း။** ဒီဂျစ်တယ်နည်းပညာအခြေပြု စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွက်လာခြင်းကြောင့် နိုင်ငံ၏ အမျိုးသား ကုန်ထုတ်လုပ်မှု (GDP) ကို သိသာစွာမြှင့်တင်ပေးနိုင်ပြီး တိုင်းပြည်စီးပွားရေးကို အရှိန်အဟုန်ဖြင့် တိုးတက်ခိုင်မာစေနိုင်မည် ဖြစ်ပါသည်။

**(ခ) ကုန်ထုတ်စွမ်းအားတိုးတက်ခြင်း။** လုပ်ငန်းခွင်အသီးသီးတွင် အလိုအလျောက်စနစ်များနှင့် အဆင့်မြင့်ဆော့ဖ်ဝဲလ်များကို ပေါင်းစပ်အသုံးပြုခြင်းကြောင့် ကုန်ထုတ်စွမ်းအားကို အရည်အသွေးမြင့်မားလာစေပြီး အချိန်နှင့်လုပ်အားကုန်ကျမှုများကို ထိရောက်စွာ လျှော့ချပေးနိုင်မည် ဖြစ်ပါသည်။

**(ဂ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဈေးကွက်ချဲ့ထွင်နိုင်ခြင်း။** အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် အီးကောမတ်စ် (E-commerce) စနစ်ကို အသုံးချကာ ဒေသတွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်အထိ ချိတ်ဆက်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။

**(ဃ) ဘဏ္ဍာရေးဝန်ဆောင်မှုများအား လူတိုင်းလက်လှမ်းမီခြင်း။** မိုဘိုင်းဘဏ်စနစ် ကျယ်ပြန့်လာခြင်းကြောင့် ယခင်က ပုံမှန်ဘဏ်အကောင့်မရှိသည့် ကျေးလက်နှင့် အခြေခံလူထုပါ ဘဏ္ဍာရေးဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီလာစေပြီး ငွေကြေးစီးဆင်းမှုစနစ်အတွင်းသို့ ဝင်ရောက်လာစေမည် ဖြစ်ပါသည်။

**(င) အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်ခြင်း။** လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး အချက်အလက်ဆန်းစစ်သူများနှင့် ဆော့ဖ်ဝဲလ်ရေးဆွဲသူများကဲ့သို့သော နည်းပညာအခြေပြု အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

**(စ) ဝေးလံဒေသများ ပညာရေးအခွင့်အလမ်းရရှိနိုင်ခြင်း။** ပညာရေးကဏ္ဍတွင် အင်တာနက်အသုံးပြု၍ ဝေးလံခေါင်ဖျားဒေသရှိ ကျောင်းသားလူငယ်များပါမကျန် တန်းတူညီမျှစွာဖြင့် ပညာရပ်များကို အချိန်မရွေး၊ နေရာဒေသမရွေး သင်ယူလေ့လာခွင့် ရရှိမည်ဖြစ်ပါသည်။

**(ဆ) အဝေးရောက် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ခြင်း။** ကျန်းမာရေးကဏ္ဍတွင် အဝေးရောက်ဆေးကုသမှုစနစ်(Tele-medicine) ကို အသုံးချကာ အဆင့်မြင့်အထူးကုဆရာဝန်ကြီးများနှင့် တိုက်ရိုက်ချိတ်ဆက်၍ ဒေသမရွေး အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်စေမည် ဖြစ်ပါသည်။

**(ဇ) အချက်အလက်အခြေပြု မူဝါဒများ ချမှတ်နိုင်ခြင်း။** အချက်အလက်များကို အလွယ်တကူ စနစ်တကျ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်ခြင်းကြောင့် နိုင်ငံတော်အဆင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ခိုင်မာသည့်အချက်အလက်အခြေပြု မူဝါဒများကို ချမှတ်နိုင်မည် ဖြစ်ပါသည်။

**(ဈ) အဂတိလိုက်စားမှုမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ခြင်း။** ပြည်သူ့ဝန်ဆောင်မှုများကို အွန်လိုင်းစနစ် (E-Governance) သို့ ပြောင်းလဲခြင်းဖြင့် လူချင်းတိုက်ရိုက်ထိတွေ့မှုကို လျှော့ချနိုင်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခြင်းကြောင့် အဂတိလိုက်စားမှု ဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်ပြီး ဖြစ်ပါသည်။

**(ည) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေခြင်း။** ဒီဂျစ်တယ်စနစ်ကြောင့် ရှုပ်ထွေးသော ရုံးလုပ်ငန်းအဆင့်ဆင့်ကို လျှော့ချနိုင်ပြီး ပြည်သူလူထုလိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို အချိန်ကြန့်ကြာမှုမရှိဘဲ နေရာမရွေး၊ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

**ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများ**

တစ်ဖက်တွင်လည်း ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို ဆောင်ရွက်ကြရာ၌ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အောက်ပါ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်ကို လေ့လာတွေ့ရှိရပါသည် -

**(က) အခြေခံအဆောက်အအုံပိုင်း အားနည်းချက်။** ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ နိုင်ငံ၏နေရာ ဒေသအနှံ့ ကျေးလက်ဒေသများအထိ တည်ငြိမ်သော လျှပ်စစ်မီးနှင့် မြန်နှုန်းမြင့် အင်တာနက်လိုင်းများ လုံလောက်စွာ မလွှမ်းခြုံနိုင်သေးခြင်းက ဒီဂျစ်တယ်ခရီးစဉ်အတွက် အခြေခံအကျဆုံး အတားအဆီး ဖြစ်လာနိုင်ပါသည်။

**(ခ) ရင်းနှီးမြှုပ်နှံမှုမလုံလောက်ခြင်း။** ခေတ်မီနည်းပညာပိုင်းဆိုင်ရာ ဝယ်ယူမှုများနှင့် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ လုံလောက်စွာ မရရှိခြင်းက အခက်အခဲတစ်ရပ် ဖြစ်လာနိုင်ပါသည်။

**(ဂ) ဒီဂျစ်တယ် နားလည်တတ်မြောက်မှု အားနည်းခြင်း။** အများပြည်သူနှင့် လုပ်ငန်းရှင်အများစုတွင် နည်းပညာကို စနစ်တကျကိုင်တွယ်အသုံးချနိုင်သည့် "ဒီဂျစ်တယ် နားလည်တတ်မြောက်မှု" အားနည်းနေခြင်းကြောင့် နည်းပညာအသွင်ကူးပြောင်းမှု ဆောင်ရွက်ရာတွင် နှောင့်နှေးမှုများ ကြုံတွေ့ရနိုင်ပါသည်။

**(ဃ) အဆင့်မြင့်နည်းပညာကျွမ်းကျင်ပညာရှင် ရှားပါးခြင်း။** ဆိုက်ဘာလုံခြုံရေးနှင့် ဒေတာသိပ္ပံကဲ့သို့သော အဆင့်မြင့်နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ရှားပါးပါက ဒီဂျစ်တယ် အသုံးချစနစ်များကို ရေရှည်ထိန်းသိမ်းရန် ခက်ခဲနိုင်ပါသည်။

**(င) ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှုများ မြင့်တက်ခြင်း။** ဒီဂျစ်တယ် နည်းပညာအသုံးပြုမှု များပြားလာသည်နှင့်အမျှ ဒေတာ အချက်အလက်ခိုးယူခံရခြင်းနှင့် ဆိုက်ဘာလိမ်လည်မှုများကဲ့သို့သော ခြိမ်းခြောက်မှုများမှာ စိုးရိမ်စရာကောင်းလောက်အောင် မြင့်တက်လာနိုင်ပါသည်။

**(စ) ဥပဒေနှင့် မူဝါဒများ အဆင်သင့်မဖြစ်ခြင်း။** ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်တားဆီးရန်နှင့် အများပြည်သူတို့၏ အချက်အလက်များကို အကာအကွယ်ပေးရန် ခိုင်မာသောဥပဒေနှင့် မူဝါဒလမ်းညွှန်ချက်များ အဆင်သင့်မဖြစ်ပါက ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် ကြီးမားသော ဟာကွက်တစ်ခု ဖြစ်လာနိုင်ပါသည်။

**(ဆ) ပြောင်းလဲမှုကို လက်မခံလိုသော ရှေးရိုးစွဲစိတ်ဓာတ်များ။** လုပ်ငန်းခွင်အချို့ရှိ ဝန်ထမ်းများနှင့် ပြည်သူအချို့သည် စနစ်ဟောင်းမှ ဒီဂျစ်တယ်စနစ်သစ်သို့ ပြောင်းလဲမှုကို လက်ခံရန် ဝန်လေးနေကြလေ့ရှိခြင်းသည်လည်း အခက်အခဲတစ်ခု ဖြစ်ပါသည်။

**(ဇ) ဒီဂျစ်တယ်ကွာဟချက် တည်ရှိနေခြင်း။** ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ ဒီဂျစ်တယ် တတ်မြောက်သူနှင့် မတတ်မြောက်သူအကြား "ဒီဂျစ်တယ်ကွာဟချက်" တည်ရှိနေခြင်းမှာလည်း အခက်အခဲတစ်ခု ဖြစ်ပါသည်။

**(ဈ) သတင်းတု၊ သတင်းမှားနှင့် အမုန်းစကားများ လွယ်ကူစွာပျံ့နှံ့နိုင်ခြင်း။** အွန်လိုင်းလူမှုကွန်ရက်များပေါ်တွင် သတင်းတု၊ သတင်းမှားများနှင့် အမုန်းစကားများ လွယ်ကူစွာပျံ့နှံ့နိုင်သည့် ဘေးထွက်ဆိုးကျိုးသည်လည်း အခက်အခဲတစ်ခုဖြစ်ပါသည်။

**(ည) နည်းပညာပြောင်းလဲမှု မြန်ဆန်၍ စနစ်ဟောင်းများ ကျန်ရစ်ခြင်း။** ဒီဂျစ်တယ်နည်းပညာ၏ တိုးတက်ပြောင်းလဲမှုနှုန်းသည် အလွန်မြန်ဆန်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စနစ်သစ်တစ်ခုကို အကောင်အထည်ဖော်နေစဉ်မှာပင် ၎င်းစနစ်မှာ ခေတ်နောက်ကျသွားတတ်ပြီး အိုင်တီအခြေခံစနစ်ဟောင်းများကို အချိန်မီ အဆင့်မြှင့်တင်ရန် ခက်ခဲခြင်းဖြစ်ပါသည်။

**ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရမည့် အခက်အခဲများအတွက် မဟာဗျူဟာမြောက် ဖြေရှင်းနည်းများ**

အထက်ပါအခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး အောင်မြင်သော ဒီဂျစ်တယ်လမ်း ကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန်အတွက် ရေရှည်တည်တံ့သော အောက်ပါမဟာဗျူဟာများကို ကျင့်သုံးဖြေရှင်းနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည် -

**(က) ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းရင်းနှီးမြှုပ်နှံခြင်း။** အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွင် နိုင်ငံတော်အနေဖြင့် တစ်ဦးတည်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲကာ ကုန်ကျမည့်ရင်းနှီးမြှုပ်နှံမှုစရိတ်များကို အချိုးကျ ပူးပေါင်းရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါသည်။

**(ခ) အင်တာနက်ဝန်ဆောင်ခ ဈေးနှုန်းချိုသာစေခြင်း။** မြို့ပြနှင့် ကျေးလက်ဒေသများအထိပါ မြန်နှုန်းမြင့် အင်တာနက်လိုင်းများကို ပြည်သူလူထု လက်လှမ်းမီနိုင်သော ဈေးနှုန်းဖြင့် ကျယ်ပြန့်စွာ သုံးစွဲနိုင်အောင် ဖြန့်ကြက်ပေးခြင်းဖြစ်ပါသည်။

**(ဂ) ကျောင်းသင်ရိုးတွင် ဒီဂျစ်တယ်နည်းပညာ ထည့်သွင်းခြင်း။** ဒီဂျစ်တယ်တတ်မြောက်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာရေး၏ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ICT နှင့် ကွန်ပျူတာဘာသာရပ်များကို မသင်မနေရ ဘာသာရပ်များအဖြစ် စနစ်တကျ ထည့်သွင်းသင်ကြားပေးစေခြင်း ဖြစ်ပါသည်။

**(ဃ) ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို အဆက်မပြတ်မြှင့်တင်ခြင်း။** လက်ရှိလုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြရသည့် ဝန်ထမ်းများ၏ အရည်အသွေးများ ခေတ်နောက်မကျစေရန် နည်းပညာသစ်များ အသုံးချမှုဆိုင်ရာ ပြန်လည်မွမ်းမံလေ့ကျင့်ပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးခြင်း ဖြစ်ပါသည်။

**(င) ဆိုက်ဘာနှင့် ဒေတာကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းခြင်း။** ပြည်သူတို့၏ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေများနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေများကို ရေးဆွဲပြဋ္ဌာန်း၍ ပြောင်းလဲလာမည့် ဒီဂျစ်တယ်ယဉ်ကျေးမှုအပေါ် ဥပဒေပိုင်းမှ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**(စ) နိုင်ငံတော်ကိုယ်တိုင် ရှေ့ဆောင်လမ်းပြပြုလုပ်ခြင်း။** နိုင်ငံတော်ကိုယ်တိုင်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဒီဂျစ်တယ်စနစ်သို့

*စာမျက်နှာ ၁၃ သို့*

## တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

**ဩဂုတ် ၂၃ ရက်**

### နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားနှင့် ဘယ်လာရုစ်ခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များ သွားရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံသမ္မတများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး ဆွေးနွေးခဲ့သည်။ ထို့အပြင် အာကာသ၊ စီးပွားရေး၊ စွမ်းအင်၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဩဂုတ် ၂၄ ရက်**

### ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

ရွှေကျင်မြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ၄ လက်မခန့်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ ကြိုတင်သတိပြုကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးထားသည်။

### ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ဗဟန်းမြို့နယ်၌ ကက်တမင်း၊ အက်တက်စီဆေးပြား၊ HAPPY WATER နှင့် HAPPY WATER ပါ VAPE ခေါင်းများ စုစုပေါင်း ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုး ဖမ်းဆီးရမိခဲ့ပြီး စိုင်းဟန်လှိုင်းအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဩဂုတ် ၂၅ ရက်**

### နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး ပြည်တွင်းအားဖြင့် အကောင်အထည်ဖော်ရန် နိုင်ငံတော်သမ္မတမှာကြား

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဒေသတွင်းမိတ်ဖက်နှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များ ပေါင်းစပ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးဆောင်ရွက်ရန် မှာကြားသည်။ ထို့ပြင် ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်မြှင့်တင်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေး၊ တရားမဝင်ကုန်သွယ်မှုကင်းရှင်းရေး၊ ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် မြို့ရွာများ သန့်ရှင်းသာယာလှပရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

**ဩဂုတ် ၂၆ ရက်**

### ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နိုင်ငံတော်သမ္မတထံ လာရောက်တွေ့ဆုံ

ဩဂုတ် ၂၆ ရက်က နေပြည်တော်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Le Hoai Trung တို့ တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးအပြင် CLMV နှင့် ACMECS ထိပ်သီးအစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ဩဂုတ် ၂၇ ရက်**

### ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့် ထောက်ပံ့

ဇူလိုင်လကုန်ပိုင်းမှစ၍ နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ငွေကျပ်သိန်းပေါင်း ၃၁၀၀၀ ခန့် ထောက်ပံ့ထားရှိကြောင်း သိရသည်။

**ဩဂုတ် ၂၈ ရက်**

### ထိုင်းသံအမတ်ကြီး နိုင်ငံတော်သမ္မတထံ ခန့်အပ်လွှာပေးအပ်

ဩဂုတ် ၂၈ ရက်က ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ သံအမတ်ခန့်အပ်လွှာ ပေးအပ်ခဲ့ပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဒေသလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆွေးနွေးခဲ့ကြသည်။

### ရန်ကုန် - တိုးကြောင်ကလေး - ဒဂုံတက္ကသိုလ် ရထား စက်တင်ဘာ ၁ ရက်မှစ၍ ပြေးဆွဲမည်

စက်တင်ဘာ ၁ ရက်မှစ၍ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေး ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို တစ်ရက်လျှင် အစုန်၊ အဆန် ၁၂ ခေါက် ပြေးဆွဲမည်ဖြစ်ပြီး ရထားလက်မှတ်ခ တစ်ဦးလျှင် ငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။

**ဩဂုတ် ၂၉ ရက်**

### နိုင်ငံတော်သမ္မတ ညောင်တုန်းကျွန်းတာ ရေတိုက်စားမှုကာကွယ်ရေးနှင့် တွံတေးမြို့နယ် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းကျွန်းတာ ရေတိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ရေတိုနှင့် ရေရှည်ကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ မွေးမြူရေးခုန်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒေသတွင်း အသား၊ ငါးနှင့် ဥများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများ စနစ်တကျ တိုးတက်ရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

# ကမ္ဘာ့ရေးရာ

### ဩစတြေးလျတွင် နို့တိုက်သတ္တဝါ၌ H5 ငှက်တုပ်ကွေး ပထမဆုံးတွေ့ရှိ

ဩစတြေးလျနိုင်ငံ ဘိချ်ပို့တ်ဒေသတွင် နှာတံရှည်ပင်လယ်ဖျံတစ်ကောင်၌ H5 ငှက်တုပ်ကွေးဗိုင်းရပ်စ် ကူးစက်ခံထားရပြီး ယင်းသည် ဩစတြေးလျနိုင်ငံ၌ နို့တိုက်သတ္တဝါတစ်ကောင်တွင် H5 ငှက်တုပ်ကွေးကူးစက်မှု ပထမဆုံးအကြိမ်တွေ့ရှိခြင်းဖြစ်သည်။

### ထိုင်းတောင်ပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပြီးနောက် လုံခြုံရေးတင်းကျပ်

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်၊ ပတ္တနီနှင့် ယာလာပြည်နယ်တို့တွင် ဩဂုတ် ၂၂ ရက်ညက အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၅၀ ကျော် ဖြစ်ပွားခဲ့ပြီးနောက် အာဏာပိုင်များက လုံခြုံရေးတင်းကျပ်မှုများ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၂၄ ရက်တွင် သိရသည်။

### တရုတ်က ဂြိုဟ်တုခုနစ်စင်း လွှတ်တင်

တရုတ်နိုင်ငံသည် ဩဂုတ် ၂၅ ရက်တွင် Long March-6C သယ်ဆောင်ရေးဒုံးပျံဖြင့် ဂြိုဟ်တုခုနစ်စင်းကို တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အာကာသသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ပြီး သတ်မှတ်ထားသည့် ပတ်လမ်းကြောင်းအတွင်းသို့ ပို့ဆောင်နိုင်ခဲ့သည်။

### ပါကစ္စတန်နိုင်ငံ၌ ဆေးရုံမီးလောင်မှုကြောင့် မွေးကင်းစကလေး ၁၄ ဦး သေဆုံး

ပါကစ္စတန်နိုင်ငံ ဆေးသိပ္ပံအင်စတီကျူရှိ သားဖွားမီးယပ်ဆောင်တွင် ဩဂုတ် ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အခင်းဖြစ်ပွားရာနေရာတွင် မွေးကင်းစကလေး ကိုးဦးသေဆုံးခဲ့ပြီး ကျန်ကလေးများမှာ ပြောင်းရွှေ့ပြီးနောက် ပြင်းထန်ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

### တရုတ်စက်ရုပ် မီတာ ၁၀၀ အပြေးကို ၈ ဒသမ ၆၄ စက္ကန့်ဖြင့် အနိုင်ရ

ပေကျင်းမြို့တွင် ဩဂုတ် ၂၆ ရက်အထိ ငါးရက်ကြာကျင်းပခဲ့သည့် ကမ္ဘာ့လူသားပုံစံစက်ရုပ် အားကစားပြိုင်ပွဲ၌ စက်ရုပ်လူသားက မီတာ ၁၀၀ အပြေးပြိုင်ပွဲကို ၈ ဒသမ ၆၄ စက္ကန့်ဖြင့် အနိုင်ရခဲ့ပြီး လူသားများ၏ မီတာ ၁၀၀ ကမ္ဘာ့စံချိန် ၉ ဒသမ ၅၈ စက္ကန့်ထက် ပိုမိုမြန်ဆန်ခဲ့သည်။

### နော်ဝေဘုရင် ပဉ္စမမြောက် ဟာရယ် အသက် ၈၉ နှစ်တွင် ကွယ်လွန်

အသက် ၈၉ နှစ်ရှိ နော်ဝေဘုရင် ပဉ္စမမြောက် ဟာရယ်သည် ဩဂုတ် ၂၈ ရက်တွင် အော်စလိုတက္ကသိုလ်ဆေးရုံ၌ ကွယ်လွန်ခဲ့ပြီး အိမ်ရှေ့မင်းသား ဟာကွန်က ထီးနန်းကို ဆက်ခံကာ နော်ဝေနိုင်ငံ၏ ဘုရင်သစ်ဖြစ်လာခဲ့သည်။

### နီပေါ-တရုတ်နယ်စပ်တွင် ရေကြီးမှုကြောင့် သေဆုံးသူ ၆၃၃ ဦးရှိလာ

ဩဂုတ် ၂၆ ရက်က ဖြစ်ပွားခဲ့သည့် ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် နီပေါနှင့် တရုတ်နယ်စပ်ဒေသတွင် သေဆုံးသူ ၆၃၃ ဦးအထိ ရှိလာပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဩဂုတ် ၃၀ ရက်အထိ မိုးဆက်လက်ရွာနိုင်သဖြင့် နောက်ဆက်တွဲဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေမြင့်မားနေသည်။

---

*စာမျက်နှာ ၁၂ မှ*

စံပြအဖြစ် ဦးစွာပြောင်းလဲကာ ပြောင်းလဲရန် ဝန်လေးနေသည့် လုပ်ငန်းရှင်များနှင့် ပြည်သူများအတွက် ရှေ့ဆောင်လမ်းပြ နမူနာပြသခြင်း ဖြစ်ပါသည်။

**(ဆ) နည်းပညာလုပ်ငန်းသစ်များကို အားပေးမြှင့်တင်ခြင်း။** နိုင်ငံအတွင်းတွင် ခေတ်မီတီထွင်ဆန်းသစ်မှုများ တိုးတက်ပေါ်ထွက်လာစေရန်အတွက် စတင်တည်ထောင်စ နည်းပညာလုပ်ငန်းသစ်များကို မြေတောင်မြှောက်ပေးခြင်း ဖြစ်ပါသည်။

**( ဇ ) လုပ်ငန်းခွင်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးစနစ်များ တည်ဆောက်မြှင့်တင်ခြင်း။** စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးတွင် ခေတ်မီဆိုက်ဘာလုံခြုံရေး ကာကွယ်ရေးစနစ်များကို စနစ်တကျ တည်ဆောက်ပြီး၊ မိမိတို့၏ အဓိကကျသော သုံးစွဲသူဒေတာ စင်တာများနှင့် ကွန်ပျူတာဆာဗာများကို လုံခြုံစိတ်ချရအောင် စောင့်ကြည့်ကာကွယ်ခြင်း ဖြစ်ပါသည်။

**( ဈ ) ပြည်သူလူထုအား အွန်လိုင်းလိမ်လည်မှု သတိပြုစေခြင်း။** ပြည်သူလူထုအတွင်း အွန်လိုင်းပေါ်မှ ငွေကြေးလိမ်လည်မှုများနှင့် ဒေတာအချက်အလက် အလွဲသုံးစားလုပ်မှုများဘေးမှ ကြိုတင်ကာကွယ်သတိပြုနိုင်ရန်အတွက် လူထုအသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

**(ည) ခေတ်နှင့်အညီ လွယ်ကူစွာ အဆင့်မြှင့်တင်နိုင်မည့် စနစ်များ ပြင်ဆင်ခြင်း။** နည်းပညာအပြောင်းအလဲ မြန်ဆန်မှုကို ရင်ဆိုင်နိုင်ရန်အတွက် စနစ်များကို ခေတ်ရေစီးကြောင်းအလိုက် အလွယ်တကူ ထပ်မံဖြည့်စွက် အဆင့်မြှင့်တင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

ခြုံငုံသုံးသပ်ရလျှင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ ဘက်စုံတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်သည့် "စွမ်းအား" တစ်ခုပင် ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့်စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သော်လည်း ယူဆောင်လာမည့် အခွင့်အလမ်းများမှာ နိုင်ငံတစ်နိုင်ငံအား ခုန်ပျံကျော်လွှား တိုးတက်သွားစေနိုင်လောက် အောင် အလွန်ပင်ကြီးမားလှပါသည်။ သို့ဖြစ်ရာ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် လူတိုင်းပါဝင်နိုင်သည့် အနာဂတ်အခွင့်အလမ်းသစ်များနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို လမ်းခင်းပေးနိုင်မည် ဖြစ်ပါတော့သည်။ ။

**ကိုးကား**


1. Digital Transformation in Developing Countries: Opportunities, Challenges, and Best Practices – South Africa, Ethiopia and Belize, A. M. Olugbemi, Journal of Academic Research, 2024.
2. National Digital Identity Programmes: What's Next? Case Studies: Estonia, Tunisia, India, Access Now Policy Paper, May 2018.
3. Estonian Digital Society Development Plan 2035, Ministry of Justice and Digital Affairs, Republic of Estonia.
4. Global Digital Compact: An Open, Free and Secure Digital Future for All, United Nations, September 2024. [un.org].
5. Digital Economy for Africa (DE4A) Initiative: Five Foundational Pillars of Digital Transformation, World Bank Group, Technical Framework Report, 2023. [worldbank.org].
6. UNDP Digital Strategy: Fostering Inclusive Digital Ecosystems, United Nations Development Programme (UNDP), Strategic Guidance Paper, 2022. [undp.org].

# ကျောင်းမုန့်ဆိုင်မှ ကျန်းမာသောအနာဂတ်သို့

## ကျောင်းသားအာဟာရ၊ အစားအသောက်လုံခြုံရေးနှင့် တာဝန်ယူမှုရှိသော ကျောင်းအစားအသောက်ပတ်ဝန်းကျင်

စာသင်ခန်းပြင်ပက အာဟာရစာသင်ခန်း

ကျောင်းသားတစ်ဦး၏ အောင်မြင်မှုကို စာအုပ်၊ စာသင်ခန်းနှင့် စာမေးပွဲရလဒ်များဖြင့်သာ တိုင်းတာ၍မရပါ။ ကျန်းမာသောကိုယ်ခန္ဓာ၊ လုံလောက်သော အာဟာရ၊ မှန်ကန်သောစားသောက်မှု အလေ့အကျင့်နှင့် လုံခြုံသန့်ရှင်းသော ပတ်ဝန်းကျင်တို့သည် ကလေးများ၏ သင်ယူနိုင်စွမ်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ ဖြစ်သည်။

ထိုအခြေအနေတွင် ကျောင်းအတွင်းရှိ မုန့်ဆိုင်၊ ကန်တင်းနှင့် အစားအသောက်ရောင်းချသည့်နေရာများက သေးငယ်သောစီးပွားရေးလုပ်ငန်းတစ်ခုမျှသာမဟုတ်ဘဲ ကျောင်းသားများ၏ ကျန်းမာရေးနှင့် အာဟာရပတ်ဝန်းကျင်ကို ပုံဖော်ပေးနိုင်သည့် အရေးပါသောနေရာများ ဖြစ်လာသည်။

ထို့ကြောင့် ကျောင်းမုန့်ဆိုင်ကို "မုန့်ရောင်းသည့်နေရာ" အဖြစ်သာ မမြင်သင့်ဘဲ **ကျန်းမာရေး၊ အာဟာရ၊ သန့်ရှင်းရေးနှင့် ဘဝအလေ့အကျင့်ကောင်းများကို လက်တွေ့သင်ယူနိုင်သည့် စာသင်ခန်းပြင်ပ အာဟာရစာသင်ခန်းတစ်ခု**အဖြစ် စဉ်းစားသင့်ပြီဖြစ်သည်။

**ကျောင်းမုန့်ဆိုင်က မုန့်ရောင်းသည့်နေရာထက် ပိုမိုအရေးကြီးသည်**

ကလေးများသည် တစ်နေ့တာ၏အချိန်အတော်များများကို ကျောင်းတွင်ဖြတ်သန်းကြသဖြင့် ကျောင်းအတွင်း ရရှိနိုင်သော အစားအစာများက ၎င်းတို့၏ စားသောက်မှုရွေးချယ်မှုအပေါ် အရေးပါသော သက်ရောက်မှုရှိနိုင်သည်။ ချိုလွန်းသော အချိုရည်များ၊ ဆားများသော အစားအစာများ၊ အဆီများသောအကြော်များနှင့် အာဟာရတန်ဖိုးနည်းသော ပြုပြင်ထုတ်လုပ်ထားသည့် မုန့်များကိုသာ လွယ်ကူစွာ ဝယ်ယူနိုင်ပါက ကလေးများ၏ စားသောက်မှုအလေ့အကျင့်သည် ထိုအစားအစာများဘက်သို့ ရွေ့လျားသွားနိုင်သည်။

အခြားတစ်ဖက်တွင် ရာသီပေါ်သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုး၊ ဥ၊ ငါး၊ ဆန်နှင့် အခြားဒေသထွက် အာဟာရပြည့်ဝသော အစားအစာများကို သင့်တင့်စွာရရှိနိုင်ပါက ကျောင်းသည် ကျန်းမာသော အစားအသောက်ရွေးချယ်မှုကို လက်တွေ့သင်ကြားပေးနိုင်သည့် နေရာတစ်ခု ဖြစ်လာနိုင်သည်။ ထို့ကြောင့် အာဟာရပညာပေးခြင်းနှင့် ကျောင်းအစားအသောက်မူဝါဒကို ခွဲခြားမထားဘဲ ကျန်းမာသော အစားအသောက်ပတ်ဝန်းကျင်နှင့် ပေါင်းစပ်ဆောင်ရွက်သင့်သည်။

**အာဟာရကောင်းမွန်မှုနှင့် အစားအသောက် အရည်အသွေးကို ပထမဦးစားပေးရမည်**

ကျောင်းသားများအတွက် မုန့်ရွေးချယ်ရာတွင် "ဗိုက်ပြည့်ခြင်း" တစ်ခုတည်းကို မကြည့်ဘဲ **"ခန္ဓာကိုယ်နှင့် ဦးနှောက်အတွက် ဘာပေးနိုင်သလဲ"** ကို စဉ်းစားသင့်သည်။ ကြီးထွားဖွံ့ဖြိုးနေသော ကလေးများသည် စွမ်းအင်၊ ပရိုတင်း၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ဗီတာမင်နှင့် အခြားအာဟာရဓာတ်များ လိုအပ်ကြသည်။ ထိုအာဟာရများ လုံလောက်စွာရရှိခြင်းသည် ကိုယ်ခန္ဓာကြီးထွားမှုသာမက အာရုံစူးစိုက်နိုင်မှု၊ သင်ယူနိုင်မှုနှင့် ကျောင်းတွင် တက်ကြွစွာ ပါဝင်နိုင်မှုတို့အတွက်လည်း အရေးကြီးသည်။

မြန်မာ့အခြေအနေတွင် ရာသီပေါ်သစ်သီးများ၊ ငှက်ပျောသီး၊ ဟင်းသီးဟင်းရွက်များ၊ ပဲ၊ ဥ၊ ငါး၊ နွားနို့၊ ပဲနို့နှင့် ဆန်အခြေခံအစားအစာများကဲ့သို့ မိသားစုများနှင့် ရင်းနှီးပြီး ဒေသတွင်းရရှိလွယ်သော

- **ကျောင်းမုန့်ဆိုင်သည် ကျောင်းသားများ၏ အာဟာရ၊ ကျန်းမာရေး၊ စားသောက်မှု အလေ့အကျင့်၊ သင်ယူနိုင်စွမ်းနှင့် အနာဂတ်ဘဝ အရည်အသွေးတို့နှင့် ဆက်စပ်နေသော ကျောင်းပတ်ဝန်းကျင်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်**
- **ကျန်းမာသော အစားအစာများကို အလွယ်တကူမြင်နိုင်ပြီး ဝယ်ယူနိုင်သည့်နေရာတွင်ထားခြင်း၊ သန့်ရှင်းသောသောက်ရေကို အလွယ်တကူရရှိစေခြင်းနှင့် အာဟာရတန်ဖိုးနည်းသော အစားအစာများကို အဓိကနေရာတွင် မထားခြင်းတို့သည် ကျောင်းသားများ၏ ရွေးချယ်မှုကို ကောင်းမွန်စွာ လမ်းညွှန်ပေးနိုင်**
- **ကျန်းမာသော မုန့်တစ်ထုပ်သည် ကလေးတစ်ဦး၏ တစ်နေ့တာကို အားဖြည့်ပေးနိုင်သကဲ့သို့ ကျန်းမာသော စားသောက်မှု အလေ့အကျင့်တစ်ခုသည် လူငယ်တစ်ဦး၏ တစ်ဘဝလုံးကို ပြောင်းလဲပေးနိုင်**

အစားအစာများကို ပိုမိုအသုံးချနိုင်သည်။ တစ်ချိန်တည်းတွင် သကြား၊ ဆားနှင့်မကျန်းမာသောအဆီများ များပြားသည့် အစားအစာများကို လျှော့ချသင့်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် ကျောင်းသားများ၏ ယနေ့ကျန်းမာရေးကို ကာကွယ်ပေးရုံသာမက အနာဂတ်ဘဝတစ်လျှောက် ကျန်းမာသော စားသောက်မှုအလေ့အကျင့်ကိုလည်း တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။

**မုန့်ဆိုင်လုပ်ကိုင်သူ၏ ကျန်းမာရေးနှင့် သန့်ရှင်းရေးသည် ကျောင်းသားလုံခြုံရေး၏ အစိတ်အပိုင်းဖြစ်သည်**

အစားအစာ ကောင်းမွန်ခြင်းတစ်ခုတည်းနှင့် မလုံလောက်ပါ။ **အစားအစာကို ကိုင်တွယ်၊ ချက်ပြုတ်၊ ပြင်ဆင်၊ ထုပ်ပိုးနှင့် ရောင်းချသူ၏ ကျန်းမာရေးနှင့် ကိုယ်ရေးကိုယ်တာသန့်ရှင်းမှု**သည်လည်း အရေးကြီးသည်။ ထို့ကြောင့် ကျောင်းမုန့်ဆိုင် လုပ်ကိုင်သူများသည် သက်ဆိုင်ရာကျန်းမာရေးစစ်ဆေးမှုနှင့် သတ်မှတ်ချက်များကို ဖြည့်ဆည်းထားရမည်။ အစားအသောက်ကိုင်တွယ်သူအတွက် လိုအပ်သော ကျန်းမာရေးလက်မှတ် (Health Certificate) သို့မဟုတ် သက်ဆိုင်ရာကျန်းမာရေးနှင့် အစားအသောက်ကိုင်တွယ်သူ အတည်ပြုချက်မရှိပါက ကျောင်းအတွင်း အစားအသောက်ရောင်းချခွင့် မပြုသင့်ပါ။ ကျောင်း၏ ခွင့်ပြုမိန့်ကိုလည်း ကျန်းမာရေးနှင့် အစားအသောက်လုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မီပြီးမှသာ ထုတ်ပေးသင့်သည်။

ဤသတ်မှတ်ချက်သည် မုန့်ဆိုင်လုပ်ငန်းရှင်များကို အခက်အခဲပေးရန်မဟုတ်ဘဲ ကလေးများကို ကာကွယ်ရန်ဖြစ်သည်။ ကျန်းမာရေးအထောက်အထားမပြည့်စုံသူ၊ အစားအသောက်ကိုင်တွယ်ရန် လိုအပ်သည့်သန့်ရှင်းရေးစံနှုန်းများ မလိုက်နာသူ သို့မဟုတ် သက်ဆိုင်ရာခွင့်ပြုချက်မရှိသူကို ကျောင်းမုန့်ဆိုင်၊ ကျောင်းကန်တင်းအတွင်း ရောင်းချခွင့် မပေးသင့်ပါ။ **ကျောင်း၏ ခွင့်ပြုမိန့်သည် စီးပွားရေးအတွက်သာမဟုတ်ဘဲ ကျောင်းသားများ၏ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် လူမှုတာဝန်ယူမှုဆိုင်ရာ အတည်ပြုချက်တစ်ရပ်ဖြစ်ရပါမည်။**

သို့သော် လက်မှတ်ရရှိပြီးသည်နှင့် တာဝန်ပြီးဆုံးခြင်းမဟုတ်ပါ။ မုန့်ဆိုင်နှင့် အစားအသောက်ပြင်ဆင်သည့်နေရာများကို နေ့စဉ်သန့်ရှင်းထားရန်၊ သန့်ရှင်းသောရေ အသုံးပြုရန်၊ အစားအစာများကို ဖုံးအုပ်ထားရန်၊ အစိမ်းနှင့်အကျက်ကို သီးခြားထားရန်၊ အစားအစာများကို သင့်တော်သော အပူချိန်တွင် ထိန်းသိမ်းရန်နှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။ ထို့ကြောင့် သန့်ရှင်းသောရေ၊ သန့်ရှင်းသောအိမ်သာနှင့် လက်ဆေးရန်နေရာသည် ကျောင်းအစားအသောက်လုံခြုံရေးနှင့် တစ်ဆက်တည်း စဉ်းစားရမည့် အခြေခံအဆောက်အအုံများဖြစ်သည်။

**ကျန်းမာသောအစားအစာသည် ကျောင်းသားတိုင်း လက်လှမ်းမီနိုင်သည့် ဈေးနှုန်းဖြစ်ရမည်**

အာဟာရကောင်းမွန်ပြီး သန့်ရှင်းသော**အစားအစာများ ရှိနေခြင်းသာ မလုံလောက်ပါ။ ဈေးနှုန်းသင့်တင့်မှု**သည်လည်း ကျောင်းအစားအသောက်စနစ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ ဈေးကြီးလွန်းပါက အချို့ကျောင်းသားများသည် ဈေးသက်သာသော်လည်း အာဟာရတန်ဖိုးနည်းသော အစားအစာများကို ရွေးချယ်ရနိုင်သည်။ ထို့ကြောင့် ကျောင်းမုန့်ဆိုင်များတွင် **အာဟာရကောင်းမွန်မှု၊ သန့်ရှင်းလုံခြုံမှုနှင့် ဈေးနှုန်းသင့်တင့်မှု**ကို တစ်ပြိုင်နက်တည်း ထည့်သွင်းစဉ်းစားသင့်သည်။

ကျန်းမာသောအစားအစာများကို အလွယ်တကူမြင်နိုင်ပြီး ဝယ်ယူနိုင်သည့်နေရာတွင်ထားခြင်း၊ သန့်ရှင်းသောသောက်ရေကို အလွယ်တကူ ရရှိစေခြင်းနှင့် အာဟာရတန်ဖိုးနည်းသော အစားအစာများကို အဓိကနေရာတွင် မထားခြင်းတို့သည် ကျောင်းသားများ၏ ရွေးချယ်မှုကို ကောင်းမွန်စွာ လမ်းညွှန်ပေးနိုင်သည်။ ဤနည်းလမ်းသည် ကျောင်းသားများကို တားမြစ်ခြင်းထက် ကျန်းမာသောရွေးချယ်မှုကို ပိုမိုလွယ်ကူစေသည့် နည်းလမ်းဖြစ်သည်။

**အာဆီယံ၏ သင်ခန်းစာ – ကျန်းမာရေးစံ၊ ခွင့်ပြုမိန့်နှင့် ဒေသခံစီးပွားရေးကို ချိတ်ဆက်ခြင်း**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၏ ကျောင်းကန်တင်းစနစ်များမှ လက်တွေ့အသုံးချနိုင်သော သင်ခန်းစာများစွာ ရရှိနိုင်သည်။ ASEAN School Nutrition Package နှင့် အာဆီယံဒေသရှိ healthy school canteen များတွင် ကျန်းမာသောမီနူး၊ အစားအသောက်လုံခြုံရေး၊ food-handler training၊ သန့်ရှင်းရေး၊ ဈေးနှုန်းနှင့် စောင့်ကြည့်အကဲဖြတ်မှုတို့ကို ပေါင်းစပ်စီမံရန် အလေးထားသည်။

**မလေးရှားနိုင်ငံ**၏ အတွေ့အကြုံမှ အစားအသောက်ကိုင်တွယ်သူများအား သင်တန်းပေးခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော မီနူးများကို အလေးထားခြင်းကို သင်ယူနိုင်သည်။ **ဖိလစ်ပိုင်နိုင်ငံ**၏ ကျောင်းကန်တင်းစနစ်တွင်လည်း ကျန်းမာရေးခွင့်ပြုချက်၊ food-handler health certificate၊ အစားအသောက်လုံခြုံရေးနှင့် အာဟာရစံနှုန်းများကို ချိတ်ဆက်စီမံထားသည့် အတွေ့အကြုံရှိသည်။ ထိုသို့သောစနစ်များမှ မြန်မာနိုင်ငံအတွက်

### ဉာဏ်သစ်(မန်းတက္ကသိုလ်)

အဓိကသင်ခန်းစာမှာ **ကျန်းမာရေးအထောက်အထားနှင့် ခွင့်ပြုမိန့်မရှိလျှင် ရောင်းချခွင့်မပြုခြင်း၊ အစားအသောက်ကိုင်တွယ်သူများကို လေ့ကျင့်ပေးခြင်း၊ ကျန်းမာသောမီနူးသတ်မှတ်ခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း**တို့ကို တစ်ခုတည်းသောစနစ်အဖြစ် တည်ဆောက်ရန်ဖြစ်သည်။

ထို့ပြင် ASEAN School Nutrition Package တွင် ဒေသခံထုတ်လုပ်သူများနှင့် အသေးစားလုပ်ငန်းများမှ ကျောင်းအစားအစာများ ဝယ်ယူအသုံးပြုခြင်းကိုလည်း အားပေးထားသည်။ မြန်မာနိုင်ငံတွင်လည်း ရာသီပေါ်သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ပဲ၊ ဆန်၊ ငါးနှင့် အခြားဒေသထွက်အစားအစာများကို ကျောင်းစားသောက်ရေးနှင့် ချိတ်ဆက်ပေးနိုင်ပါက ကျောင်းသားများ၏ အာဟာရကို တိုးတက်စေရုံသာမက ဒေသခံလယ်သမားများ၊ မိသားစုစီးပွားရေးနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ထိုသို့ဆိုလျှင် **"ကျောင်းမှ မုန့်ဈေးတန်းသို့၊ မုန့်ဈေးတန်းမှ ဒေသစီးပွားရေးသို့"** ဟူသော အကျိုးရှိသည့် စက်ဝိုင်းတစ်ရပ်ကို ဖန်တီးနိုင်မည်ဖြစ်သည်။

**ကျန်းမာရေးအတွက် ခွင့်ပြု၊ အာဟာရအတွက် ရောင်း၊ ကလေးများအတွက် တာဝန်ယူ**

ကျောင်းမုန့်ဆိုင်ကို မုန့်ရောင်းသည့်နေရာတစ်ခုအဖြစ်သာ မြင်ပါက ယင်း၏ အရေးပါမှုကို လျှော့တွက်ရာရောက်သည်။ အမှန်တကယ်တွင် ကျောင်းမုန့်ဆိုင်သည် ကျောင်းသားများ၏ အာဟာရ၊ ကျန်းမာရေး၊ စားသောက်မှုအလေ့အကျင့်၊ သင်ယူနိုင်စွမ်းနှင့် အနာဂတ်ဘဝ အရည်အသွေးတို့နှင့် ဆက်စပ်နေသော ကျောင်းပတ်ဝန်းကျင်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ကျောင်းများတွင် **"အာဟာရကောင်း၊ သန့်ရှင်းလုံခြုံ၊ ဈေးနှုန်းသင့်တင့်"** ဟူသော စံသုံးရပ်အပြင် **"ကျန်းမာရေးအထောက်အထားရှိ၊ တရားဝင်ခွင့်ပြုချက်ရှိ၊ စနစ်တကျစောင့်ကြည့်"** ဟူသော စီမံခန့်ခွဲမှုစံများကိုပါ ထည့်သွင်းသင့်သည်။ မုန့်ဆိုင်လုပ်ငန်းရှင်များကိုလည်း စည်းကမ်းသတ်မှတ်ခြင်းတစ်ခုတည်းမဟုတ်ဘဲ လိုအပ်သော သင်တန်း၊ လမ်းညွှန်မှုနှင့် လုပ်ငန်းတိုးတက်ရေး အခွင့်အလမ်းများ ပေးသင့်သည်။ ထိုသို့မှသာ ကျောင်းသားများကို ကာကွယ်ခြင်းနှင့် မုန့်ဆိုင်လုပ်ငန်းရှင်များ၏ အသက်မွေးဝမ်းကျောင်းကို ထိန်းသိမ်းပေးခြင်းတို့ကို မျှတစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆုံးတွင် ကျောင်းမုန့်ဆိုင်သည် သေးငယ်သော ကန်တင်းတစ်ခုဖြစ်ကောင်းဖြစ်နိုင်သော်လည်း သက်ရောက်မှုမှာ ကြီးမားသည်။ **ကျန်းမာသော မုန့်တစ်ထုပ်သည် ကလေးတစ်ဦး၏ တစ်နေ့တာကို အားဖြည့်ပေးနိုင်သကဲ့သို့ ကျန်းမာသော စားသောက်မှု အလေ့အကျင့်တစ်ခုသည် လူငယ်တစ်ဦး၏ တစ်ဘဝလုံးကို ပြောင်းလဲပေးနိုင်သည်။** ထို့ကြောင့် "ရောင်းချခွင့်" ထက် "ကျန်းမာစွာ ရောင်းချခွင့်"၊ "ဝယ်ယူနိုင်ခြင်း" ထက် "ကျန်းမာသောအစားအစာကို ဝယ်ယူနိုင်ခြင်း" ကို ဦးစားပေးကြပါစို့။

**သန့်ရှင်းသောကျောင်း၊ အာဟာရပြည့်ဝသော ကလေး၊ ကျန်းမာသောလူငယ်နှင့် အင်အားကောင်းသောနိုင်ငံ၏အနာဂတ်၊ အနာဂတ်ကို စာသင်ခန်းထဲမှသာမက ကျောင်းမုန့်ဆိုင်ငယ်လေးများမှပင် စတင်တည်ဆောက်နိုင်ပါသည်။** ။

# Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့် လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

*(ယမန်နေ့မှအဆက်)*

## (၂) Digital Smart မီတာအသစ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

အချက်အလက်များနှင့် ဓာတ်ပုံများ အားလုံးဖြည့်သွင်းပြီးပါက စနစ်၏ နောက်ဆုံးစာမျက်နှာပါ အချက်အလက်အပြည့်အစုံသို့ ရောက်ရှိမည်ဖြစ်ပါ၍ အောက်ပါအတိုင်း စနစ်တကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) မိမိဖြည့်သွင်းခဲ့သော အချက်အလက်များနှင့် ပူးတွဲဖိုင်များ အားလုံး မှန်ကန်မှု ရှိ၊ မရှိကို သေချာစွာ စစ်ဆေးကြည့်ရှုပေးပါ။

(၂) ပြင်ဆင်လိုပါက ခေါင်းစဉ်တစ်ခုချင်းစီရှိသော **“ပြင်ဆင်ရန်”** စာသားကို Click နှိပ်လိုက်ပါက အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၃) ဓာတ်ပုံများ မှုန်ဝါးခြင်း ရှိ၊ မရှိ သို့မဟုတ် စာရွက်စာတမ်း ခေါင်းစဉ်လွဲမှားနေခြင်း ရှိ၊ မရှိကို အလွယ်တကူ ဝင်ရောက်စစ်ဆေး ကြည့်ရှုနိုင်ပါသည်။ အကယ်၍ မှားယွင်းမှုရှိပါက **“ပြင်ဆင်ရန်”** နှိပ်၍ အချက်အလက်များကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။

(၄) အကယ်၍ လိုအပ်သော စာရွက်စာတမ်းများ မစုံလင်သေးပါက လျှောက်လွှာကို လုံးဝမတင်ဘဲ **“မူကြမ်းအဖြစ်သိမ်းမည်”** ခလုတ်ကိုနှိပ်၍ သိမ်းဆည်းထားနိုင်ပါသည်။ (နောက်မှ ပြန်လည်ဖြည့်စွက်နိုင်ပါသည်)။

(၅) မဖြစ်မနေ ဖြည့်သွင်းရမည့် အချက်အလက်များနှင့် ပူးတွဲဖိုင်များအားလုံး ပြီးပြည့်စုံစွာ ဖြည့်သွင်းပြီးမှသာ စခရင်ပေါ်တွင် **“လျှောက်လွှာတင်သွင်းမည်”** စာသားကို Click နှိပ်နိုင်မည်ဖြစ်ပါသည်။ အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများ မပြည့်စုံသေးပါက **“လျှောက်လွှာတင်သွင်းမည်”** စာသားကို Click နှိပ်၍ မရနိုင်ဘဲ “မူကြမ်းအဖြစ်သိမ်းမည်”စာသားကို Click နှိပ်၍ မူကြမ်းအနေဖြင့် သိမ်းထားနိုင်ပါသည်။


(၆) “လျှောက်လွှာတင်သွင်းမည်” စာသားကို Click နှိပ်လိုက်ပါက မိမိ၏ မီတာလျှောက်လွှာသည် သက်ဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အလိုအလျောက် ပေးပို့ပြီးဖြစ်ပါသဖြင့် ရုံးဘက်မှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status)ကို ဆက်လက်စောင့်ဆိုင်းရမည်ဖြစ်ပါသည်။

(၇) မီတာလျှောက်လွှာပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လျှောက်လွှာလက်ခံပြီးပါက ယာဘက်ထိပ်တွင်လျှောက်ထားသူ၏လျှောက်လွှာအမှတ်စဉ်အား ဖော်ပြထားမည်ဖြစ်ပါသည်-



ပုံ(၃၁) မီတာလျှောက်လွှာပုံစံ


(၈) လျှောက်လွှာလက်ခံရရှိကြောင်းအကြောင်းကြားစာကို မိမိ၏ စာတိုက်ပုံး (Inbox) စာမျက်နှာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်သို့ MOEE Info မှ SMS-စာတိုပေးပို့သွားမည်ဖြစ်ပါသည်။




ပုံ(၃၂) လျှောက်လွှာလက်ခံရရှိကြောင်း SMS-စာတိုပေးပို့မည့်ပုံစံ

**(ခ) မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေအား အကြောင်းကြားခြင်း**

သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက်လျှောက်ထားသော မီတာလျှောက်လွှာများကို လက်ခံပြီးနောက် သက်ဆိုင်ရာအင်ဂျင်နီယာများမှ မြေပြင်ကွင်းဆင်းစစ်ဆေးမည့်ရက်ကို စာတိုက်ပုံး (Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းစစ်ဆေးသည့်ရက်တွင် လျှောက်လွှာတွင် ပါဝင်သော စာရွက်စာတမ်းမူရင်းများအား အင်ဂျင်နီယာဌာနမှ ကွင်းဆင်းစစ်ဆေးသည့်အချိန်တွင် စစ်ဆေးသွားမည်ဖြစ်ပြီး အထောက်အထား မိတ္တူတစ်စုံကို ကွင်းဆင်းစစ်ဆေးသူအား ပေးရမည်ဖြစ်ပါသည်။




ပုံ(၃၃) မြေပြင်ကွင်းဆင်းစစ်ဆေးမည့် အခြေအနေအား အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

**(ဂ) မီတာသတ်မှတ်ကြေး ငွေပေးသွင်းရန်နှင့် ငွေလက်ခံရရှိကြောင်း အကြောင်းကြားခြင်း**

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြို့နယ်အလိုက် လျှောက်ထားသော မီတာလျှောက်လွှာပါ လိပ်စာအတိုင်း ကွင်းဆင်းစစ်ဆေးပြီးနောက် လျှောက်ထားသူ၏ အကောင့်တွင် ငွေပေးသွင်းရန်အကြောင်းကြားခြင်း စာမျက်နှာ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ငွေပေးသွင်းရန်အတွက် စာတိုက်ပုံး(Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ ဖုန်းနံပါတ်သို့ MOEE Info မှ SMS – စာတိုပေးပို့သွားမည်ဖြစ်ပါသည်။




ပုံ(၃၄) ငွေသွင်းရန်အကြောင်းကြားခြင်း SMS – စာတိုပေးပို့မည့်ပုံစံ

(ခ) လျှောက်ထားသည့် မီတာအမျိုးအစားအလိုက် ဌာနမှသတ်မှတ်ထားသောမီတာသတ်မှတ်ကြေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသောဘဏ်များမှ ကြိုက်နှစ်သက်ရာဘဏ်ကို ရွေးချယ်ပေးသွင်းနိုင်ရန်အတွက်

(၁) ငွေပေးသွင်းမှု စာမျက်နှာတွင် ဘဏ်ကို Click နှိပ်၍ ရွေးချယ်ရမည်ဖြစ်ပါသည်။

(၂) သက်ဆိုင်ရာဘဏ်၏ Pay Application အား ဖွင့်၍ Home Page တွင်ရှိသော Pay Bill ကို Click နှိပ်၍ ဝင်ရောက်ပါ။

(၃) New Meter Registration Payment အတွက် YESC (ရန်ကုန်)၊ MESC (မန္တလေး)နှင့် ESE (နေပြည်တော် နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်)တို့ မြင်ရမည်ဖြစ်ပြီး မိမိပေးသွင်းလိုသည့် မီတာအမျိုးအစားကို ရွေးချယ်၍ အချက်အလက်များကို ဖြည့်စွက်ရမည်ဖြစ်ပါသည်။ Customer ID မှာ လျှောက်လွှာ၏ အပေါ်ဘက်ရှိ System Code အား ဆိုလိုခြင်းဖြစ်ပါသည်။

(၄) ပေးချေရမည့် ငွေပမာဏအား ဖြည့်သွင်းရန်၊ ပေါ်လာပါက မှန်ကန်မှု ရှိ မရှိ စစ်ဆေးပါ၊ မှန်ကန်ပါက လျှို့ဝှက်နံပါတ်(PIN)ကို ရိုက်ထည့်ပါက ငွေပေးသွင်းမှု လုပ်ငန်းစဉ်အောင်မြင်စွာ ပြီးဆုံးမည်ဖြစ်ပါသည်။

(၅) ငွေပေးချေမှု အောင်မြင်ကြောင်းပြသသည့် အီလက်ထရောနစ်ပြေစာ(E-Receipt)အား သိမ်းဆည်း၍ Scan မှတ်တမ်းဓာတ်ပုံအား Upload ပူးတွဲထည့်သွင်းရမည်ဖြစ်ပါသည်။

(၆) ထို့နောက် လျှောက်ထားသူအသုံးပြုသော သက်ဆိုင်ရာဘဏ်၏ ငွေသွင်းပြေစာပေါ်ရှိ ဘဏ်၏ငွေသွင်းပြေစာအမှတ်အား ဖြည့်သွင်းရမည်ဖြစ်ပါသည်။




ပုံ(၃၅) ငွေပေးသွင်းရန်ပုံစံ




ပုံ(၃၆) ကြိုက်နှစ်သက်ရာ ဘဏ်ကို ရွေးချယ်၍ ငွေပေးသွင်းရန်ပုံစံ

*စာမျက်နှာ ၁၇ သို့*

## ဝါကြိတ်စက်များအား အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး လာရောက်လျှောက်ထားနိုင်

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်


မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊
(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊
(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊
(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။


**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၁၆ မှ*

ဌာနနှင့် ဘဏ်တို့မှ ပေးသွင်းပြီးသော ငွေသွင်းပြေစာအမှတ်၊ မီတာသတ်မှတ်ကြေးတို့ကို တိုက်ဆိုင်စစ်ဆေးပြီးနောက် စာတိုက်ပုံး (Inbox)စာမျက်နှာနှင့် လျှောက်ထားသူ၏ဖုန်းနံပါတ်သို့ MOEE Info မှ SMS - စာတိုပေးပို့သွားမည်ဖြစ်ပါသည်။





**ပုံ(၃၇) ငွေပေးသွင်းမှုအား စစ်ဆေးအတည်ပြုမှုအခြေအနေအား အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ**




**ပုံ(၃၈) ငွေလက်ခံရရှိမှု အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ**

**(ဃ) Digital Smart မီတာအသစ် တပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်းနှင့် တပ်ဆင်ပေးခြင်း**

Digital Smart မီတာအသစ်လျှောက်ထားသူမှ မီတာသတ်မှတ်ကြေးဌာနသို့ ပေးသွင်းပြီးနောက် မီတာတပ်ဆင်ပေးမည်ဖြစ်ပါ၍ စာတိုက်ပုံး (Inbox) စာမျက်နှာနှင့် လျှောက်ထားသူ၏ ဖုန်းနံပါတ်သို့ MOEE Info မှ မီတာတပ်ဆင်ပေးမည့်ရက်အား SMS- စာတိုပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အကြောင်းကြားထားသည့်ရက်တွင် လျှောက်ထားသည့် မီတာအသစ်အား တပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။




**ပုံ(၃၉) မီတာတပ်ဆင်ပေးမည့်ရက် အကြောင်းကြားခြင်း SMS - စာတိုပေးပို့မည့်ပုံစံ**

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

## အလုပ်ခွင်ထဲက ပရိုဆန်သူတွေ - (၅)

မေ

လုပ်ငန်းခွင်မှာ အရည်အချင်းဆိုတာ စာမေးပွဲအောင်လက်မှတ်နဲ့ လုပ်ငန်းကျွမ်းကျင်မှုတစ်ခုတည်းနဲ့တင် တိုင်းတာလို့မရပါဘူး။ အလုပ်ခွင်အတွင်းမှာ ဘယ်လိုပြုမူနေထိုင်သလဲ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဘယ်လိုဆက်ဆံသလဲဆိုတာကလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပါ။ တာဝန်ယူမှုနဲ့ ဆက်ဆံရေးကောင်းမွန်မှု ပေါင်းစပ်မှသာ သာယာတဲ့ အလုပ်ပတ်ဝန်းကျင်ရရှိမှာပါ။

အချိန်တိကျတာ၊ ကိုယ့်တာဝန်ကို မခိုင်းရဘဲ တာဝန်ယူနိုင်တာ၊ အဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်တတ်တာတွေဟာ လုပ်ငန်းခွင်အက်တီကက်ရဲ့ အုတ်မြစ်တွေပါ။ ကိုယ့်အလုပ်ကို ကောင်းစွာလုပ်နိုင်ရုံတင်မကဘဲ အဖွဲ့အစည်းအတွင်း အဆင်ပြေပြေ ပူးပေါင်းဆောင်ရွက်တတ်သူတွေဟာ အမြန်ဆုံးအောင်မြင်မှုရရှိတတ်ကြပါတယ်။



တစ်ခါတစ်ရံ အလုပ်ခွင်အတွင်း အမြင်မတူညီမှုတွေ၊ ခက်ခဲတဲ့ အငြင်းပွားမှုတွေ ကြုံလာနိုင်ပါတယ်။ အဲဒီအချိန်မှာ စိတ်ခံစားချက်ကို ရှေ့မတင်ဘဲ အေးအေးဆေးဆေး ဆွေးနွေးဖြေရှင်းတတ်ခြင်း၊ အခြားသူရဲ့အမြင်ကို နားလည်ပေးဖို့ ကြိုးစားခြင်းက ပိုပြီးပရော်ဖက်ရှင်နယ်ဆန်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒေါသထွက်ချိန်မှာ ဆုံးဖြတ်ချက်မချဘဲ ငြိမ်းချမ်းစွာ အဖြေရှာရပါမယ်။

Professional ဆန်တယ်ဆိုတာ ရာထူးကြီးသူတွေမှ မဟုတ်ပါဘူး၊ အလုပ်စဝင်တဲ့ လူငယ်လေးတွေအတွက်ပါ အရေးကြီးတဲ့ အရည်အချင်းပါ။ ယဉ်ကျေးစွာပြောဆိုပြီး ယုံကြည်ရသူဖြစ်အောင် နေထိုင်ခြင်းက ကိုယ့်ရဲ့ အလုပ်အကိုင်လမ်းကြောင်း (Career) ရေရှည်တိုးတက်ဖို့အတွက် အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုပဲဖြစ်ပါတယ်။

## ပုဗ္ဗသီရိမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၃၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ဥပဒေရုံးနှင့် ဥယျာဉ်စုကျေးရွာအုပ်စုတို့ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ယမန်နေ့က ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်ပေးသည်။



အဆိုပါသင်တန်းတွင် သင်တန်းဆင်းဖြစ်သည့် ဥယျာဉ်စုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ဌေးက ကျေးရွာအုပ်စုအတွင်းရှိ သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတို့ကို ဆွေးနွေးပို့ချပြီး သင်တန်းသားများ၏ မေးမြန်းမှုကို မြို့နယ်ဥပဒေအရာရှိ ဦးအောင်ကိုကိုမျိုးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

## ဘီးလင်းမြို့နယ်၌ ပညာတန်ဆောင်ငွေစုငွေချေး သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**ဘီးလင်း ဩဂုတ် ၃၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပညာတန်ဆောင် ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၈ ရက်က တောင်စွန်းကျေးရွာ အထကကျောင်း၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမင်းထွန်းနှင့် အသင်းဥက္ကဋ္ဌ၊ အသင်းတာဝန်ရှိသူတို့က ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ နှင့်အညီ အသင်းအမှုဆောင်အသစ်များကို ဖွဲ့စည်းပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)





## တိုက်ကြီးမြို့နယ်၌ သမဝါယမစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**တိုက်ကြီး ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် ပီပြင်စွာပေါ်ပေါက်လာစေရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်တို့က ကဏ္ဍအလိုက် ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘဲကောင်ရေ ၁၂၀၀၀ မွေးမြူထားသည့် ရန်လုံးနိုင်ကျေးရွာရှိ ပိုင်ရှင် ဦးမျိုးနိုင်၏ ဘဲခြံကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ဝတ်ရည်(ပြန်/ဆက်)

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၏ ကြီးကြပ်မှုဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ယမန်နေ့က အမှတ်(၈)ရပ်ကွက် ဦးပုညလမ်းမပေါ်ရှိ ရပ်ကွက်နှင့် ဈေးဆိုင်များ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးက ပြည်သူသို့ သန့်(၅)သန့်နှင့် နေထိုင်ရေး ပြောကြားပြီး ရပ်ကွက်အတွင်းရှိ လမ်းများနှင့် လူနေအိမ်များရှိ သုံးရေနှင့် သောက်သုံးရေများကို ရေသန့်ဆေးခတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဟန်နီ(ပြန်/ဆက်)






## လယ်ဝေးမြို့နယ်၌ သမဝါယမအသင်း၏ မိုးစပါးစုပေါင်းစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဩဂုတ် ၃၀**

သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)ဦးအောင်ပြည့်စိုးသည် ဌာနတာဝန်ရှိသူများ၊ အသင်းတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း(လီမိတက်) တောင်သူ ၁၀ ဦး၏ မိုးစပါးတစ်ကွင်းတစ်စပ်တည်း ၆၄ ဒသမ ၇၂ ဧက၌ ထိုင်းနှံကောက်မိုးစပါး စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ယခုရက်ပိုင်း မိုးရွာသွန်းမှုများပြားသဖြင့် လယ်မြေများရေဝင်ကာ စိုက်ပျိုးချိန်အမီ မစိုက်နိုင်သည်ကိုတွေ့ရှိရသဖြင့် ပျိုးသက်ရပြီးသောရက် ၉၀ စပါးမျိုးများကို သတ်မှတ်ရက်အမီ ပျိုးထောင်လက်စိုက်စနစ်ဖြင့် အချိန်မီစိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်၂၇ ရက်က ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်၊ အသင်းနာယက ဦးဘိုကြည် (ဒေါက်တာမိုလ်သံမဏိ)တို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရှင် ၈၆ ဦးတို့ကို ဂုဏ်ပြုလက်မှတ် ဆုတံဆိပ် ထရော်ဖီနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

ဥာဏ်လင်း



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြောင်ရှေကျေးရွာတွင် ဆောင်ရွက်သည့် ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက ဒေါင်းမနားကျေးရွာအုပ်စု မြောင်ရှေကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများထံ မြေငှားဂရန် ၂၅ ခု ပေးအပ်စဉ်။

လပြည့်လင်း(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့သန့်ရှင်းသာယာလှပရေး၊ တက္ကသိုလ်များ သန့်ရှင်းသာယာလှပရေး၊ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ စုစုပေါင်း ၄၆၅ ဦးဖြင့် ဩဂုတ် ၂၉ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့်ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များနဲ့ပတ်သက်ပြီး Adjectives Order (နာမဝိသေသနအစီအစဉ်) အကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about online shopping-2 (အွန်လိုင်းကနေ ဈေးဝယ်တဲ့အခါမှာ ဘယ်လိုပြောမလဲ။)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

Adjectives တွေအကြောင်း အတော်လေးပြည့်ပြည့်စုံစုံ ဖော်ပြပြီးပြီဆိုတော့ အခု ပိုပြီးနားလည်သဘောပေါက်ဖို့ လေ့ကျင့်ခန်းလေးတွေ လုပ်ကြရအောင်ပါ။

**Exercise (1) Pick out all the Adjectives in the following sentences, and say to which class each of them belongs.**

1. The ship sustained heavy damage.
2. I have called several times.
3. Every dog has his day.
4. A live ass is better than a dead lion.
5. Every man has his duties.
6. Several persons were present at the time.
7. He is a man of few words.
8. I spent all my savings last month.
9. Which pen do you like? You can take either one.
10. A small leak may sink a great ship.

**Exercise (2) Supply suitable Adjectives.**

1. Every cloud has a ............... lining.
2. He was a man of ............... ambition.
3. The ............... Bird catches the worm.
4. India expects ............... man to do his duty.
5. ............... time is it? ............... ruler is this?
6. Min Thu is a ............... boy.
7. The teacher tells us an ............... story.
8. He wears a ............... shirt and a ............... longyi.
9. There is not ............... water in the well.
10. ............... errors are not easily corrected.

ဝါကျတစ်ကြောင်းတွင် Adjectives (နာမဝိသေသန) တစ်ခုထက် ပိုထားလိုပါက ၎င်း Adjectives (နာမဝိသေသန) များကိုသတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ထားရမည်။ ထိုသို့ထားခြင်းကို Adjectives Order (နာမဝိသေသနအစီအစဉ်) ဟု ခေါ်သည်။

Adjectives Order (နာမဝိသေသနအစီအစဉ်)

| Quality | Size/shape | Colour | Origin | Noun |
|---|---|---|---|---|
| beautiful | large | green | Chinese | vase |
| exquisite | old | – | French | painting |
| – | square | black | Indian | chest |

ဝါကျတွင် တစ်ခုထက်ပိုသော Adjectives (နာမဝိသေသန) များကို ထည့်သွင်းအသုံးပြုလိုပါက အထက်တွင်ဖော်ပြထားသော အစီအစဉ် အတိုင်း ထားသိုသုံးနှုန်းရမည်။

နာမ်(Noun)တစ်ခုကို ဖော်ပြသော Adjectives(နာမဝိသေသန) များကို သတ်မှတ်အစီအစဉ်အတိုင်း ထားသည်။ Adjectives (နာမဝိသေသန) ကိုပိုပြီးတိတိကျကျဖော်ပြလေလေ နာမ်(Noun)နှင့် ကပ်ထားရလေလေ ဖြစ်သည်။ ထို့အပြင် Adjectives (နာမဝိသေသန)ကို နာမ်(Noun) နေရာတွင် ထားပြီး Noun ကဲ့သို့ သုံးပါက အဆိုပါ Adjectives (နာမဝိသေသန)များကို "the" နောက်တွင်ထားရမည်။ ဥပမာ-

- We helped the old and sick at the old folks' home.

**Exercise (1) Fill in the blanks with at least three adjectives in the correct order.**

1. I would like to buy that .............. painting. (old French exquisite)
   I would like to buy that exquisite old French painting.
2. The .............. woman baked some cookies for me. (Indian kind old)
3. The .............. actress has many fans. (young Hollywood glamorous)
4. My uncle has just bought a .............. car. (small European green)
5. We knocked loudly on the .............. door. (old brown sturdy)
6. The rose is a ...........flower. (red beautiful small)
7. Father rears .............. fish as pets. (orange large Japanese)
8. My sister wants to buy that .............. dress. (long red lovely)
9. I used to climb that ........... tree. (old sturdy tall)
10. That .............. antique candlestick is worth a lot of money. (old Italian intricate)

**Exercise (2) Fill in the blanks with the adjectives that behave as nouns in the box.**

| | | | |
|---|---|---|---|
| dedicated | impossible | sick | young |
| rich | poor | unemployed | supernatural |
| past | disabled | | |

1. The government is helping the .........to find jobs.
2. We should donate money to the ...............
3. This movie should appeal to the ..............
4. The .............. are not necessarily happy.
5. This horror novel is about the ..............
6. That football coach only coaches the ..............
7. We should not aim to do the ..............
8. You ought to look to the future instead of dwelling on the ..............
9. The nurses brought medicine to heal the ........
10. This race is for the .............., to help them overcome their disabilities.

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. better late than never = (မလုပ်တာထက် နောက်ကျတာက ပိုကောင်း)
   Dan finally paid me the money he owed me. Well, better late than ever.
   (ဒန်က နောက်ဆုံးမှာတော့ ကျွန်တော့်ကို ပေးရမယ့် ပိုက်ဆံကြွေး ပေးခဲ့တယ်။ မပေးတာထက် နောက်ကျတာက ပိုကောင်းပါတယ်။)
2. beyond belief = (မယုံနိုင်လောက်အောင်)
   His story is beyond belief.
   သူ့ဇာတ်လမ်းက မယုံနိုင်လောက်အောင်ဘဲ။
3. beyond one's control = (မထိန်းချုပ်နိုင်သော)
   The accident was beyond my control.
   ဒီမတော်တဆမှုကို မထိန်းချုပ်နိုင်ခဲ့ဘူး။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**Shortest way to talk about online shopping-2 (အွန်လိုင်းကနေ ဈေးဝယ်တဲ့အခါမှာ ဘယ်လိုပြောမလဲ။)**

*Until recently I would have said Amazon is better .............. (without a doubt).*

*AliExpress often has products that you can't .............. on other websites. (get hold of)*

*What .............. their customer service ..............? (is .....like)*

*With AliExpress, the delivery times .............. (are not the best)*

၁။ ဒီနေရာမှာ ဖော်ပြထားတဲ့ without a doubt ဆိုတာကတော့ သံသယရှိစရာမလိုဘူး လို့ပြောတာဖြစ်ပါတယ်။ definitely (အသေအချာပဲ)လို့ ပြောချင်တာဖြစ်ပါတယ်။

၂။ get hold of ဆိုတဲ့အသုံးကတော့ လိုချင်တာကို ရှာတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒီနေရာမှာ can't နဲ့တွဲထားတော့ လိုချင်တာကို ရှာမတွေ့နိုင်တာကို ပြောတာဖြစ်ပါတယ်။

၃။ ဒီနေရာမှာ What is their customer service like? ဆိုတဲ့သဘောကတော့ ဝန်ဆောင်မှုက ဘယ်လိုလဲလို့ မေးတာဖြစ်ပါတယ်။ ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

၄။ အကောင်းဆုံးတော့မဟုတ်ဘူး။ ဒါပေမယ့် သိပ်မဆိုးဘူးဆိုတဲ့ သဘောပြောချင်ရင်တော့ are not the best နဲ့သာ သုံးလိုက်ပါ။

**Daily Conversation**

I'm a satisfied customer

**Nick:** So, what about things like electrical goods? Which website would you use if you wanted to buy, say a battery for your mobile phone?

**Jenny:** Until recently I would have said Amazon is better without a doubt, but a while ago a friend of mine introduced me to a website called AliExpress.

**Nick:** AliExpress? I've never heard of that. How does it compare to Amazon?

Jenny: I think the main reason people use it is because it's cheaper than Amazon, but I've also found that they often have products that you can't get hold of on other websites.

**Nick:** Ok, that's interesting. What's their customer service like?

**Jenny:** Well, it's true that you'll see lots of complaints about it if you read the online reviews - but I've only had to send something back once, and they sent a replacement straight away.

**Nick:** Right. Well, that sounds pretty reasonable.

**Jenny:** Yes, I thought it was fair enough. The only thing I would say about AliExpress is that their delivery times are not the best but in fact it wouldn't take so much time.

**Nick:** So you were a satisfied customer!

အပေါ်က စကားပြောပုံစံလေးတွေကို အတော်အသင့် နားလည်သဘောပေါက်ပြီဆိုရင် အောက်က နောက်ဆက်တွဲ မေးခွန်းလေးတွေကိုလည်း ဖြေကြည့်ပါဦး။

**1. Which websites do you usually use for buying electronic products? How do they compare?**

- When I need to buy electronic products, I usually use a website called Banggood. They don't have as many of the top brands as Amazon, but the prices are great, and they often have products that you can't get hold of anywhere else.

**2. When was the last time you bought an electronic device? How did you decide which website to buy it from? Were you a satisfied customer? Why (not)?**

- The last time I bought something on Banggood was about three weeks ago. I couldn't find the product on any other website, and it arrived safe and sound after only two weeks. I was a very satisfied customer.



ဆန်းဒါးလန်းနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် တိုက်စစ်ကစားသမား အီစီဒိုး ဖူလ်ဟမ်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

## ပရီမီယာလိဂ်ပွဲစဉ် (၂) တွင် ချယ်ဆီး၊ ဆန်းဒါးလန်းတို့ နိုင်ပွဲရပြီး ဘရန့်ဖို့ဒ် သရေကျ

ဩဂုတ် ၃၀ ရက် ည ၇ နာရီခွဲက စတန်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချယ်ဆီးနှင့် ဘရိုက်တန်အသင်းပွဲစဉ်တွင် ချယ်ဆီးအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘရိုက်တန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာနှင့်အတူ ခြေစွမ်းကောင်းပြသနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမား မာတီနက်ဇ်တို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့သည့် ဆန်းဒါးလန်းနှင့် ဖူလ်ဟမ်အသင်းပွဲစဉ်တွင် ဆန်းဒါးလန်းအသင်းက အီစီဒိုး၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ လိဒ်စ်နှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးပိုမိုဖန်တီးနိုင်ခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။

PREMIER LEAGUE – ROUND 2

စက်တင်ဘာ ၁ ရက် နံနက် ၁ နာရီခွဲမှာ ပရီမီယာလိဂ်ပွဲစဉ် (၂) မှ အက်စ်တွန်ဗီလာနဲ့ အာဆင်နယ်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အက်စ်တွန်ဗီလာက အာဆင်နယ်နဲ့ တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားတတ်တဲ့ အစဉ်အလာကို ယခုပွဲစဉ်မှာ ချေဖျက်သွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အာဆင်နယ်နဲ့ တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားတဲ့အစဉ်အလာကို ဗီလာပတ်ခ်မှာ အက်စ်တွန်ဗီလာအသင်း ချေဖျက်သွားနိုင်မလား




**ဗီလာ VS အာဆင်နယ်**

အားထားရတဲ့ မော်ဂန်ရော်ဂျာစ်၊ တိုင်လေမန်းစ်၊ ကွန်ဆာတို့ ထွက်ခွာသွားပြီးနောက် ဗီလာရဲ့ တိုက်စစ်စွမ်းဆောင်ရည်ပိုင်းက အားနည်းတာ တွေ့ရတယ်။ အထူးသဖြင့် အဖွင့်ပွဲစဉ်မှာ ဘရိုက်တန်အသင်းဘက်ကို ဂိုးပေါက်တည့်မတ်အောင်ပင် စွမ်းဆောင်နိုင်ခြင်း မရှိတဲ့အထိ ဆိုးရွားခဲ့တာကို သတိပြုရမယ်။ အာဆင်နယ်က လက်ရှိချန်ပီယံပီပီ အဖွင့်ပွဲစဉ်မှာ တိုက်စစ်ခြေစွမ်းပြပြီး ကိုဗင်ထရီကို သုံးဂိုးပြတ် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားတယ်။ မည်သို့ပင်ဆိုစေ ဗီလာရဲ့ ရန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် အနိုင်ရလဒ်ကို အာဆင်နယ်ကသာ ဖော်ဆောင်သွားဖွယ်ရှိတယ်။




| အက်စ်တွန်ဗီလာအသင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ် | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | ၂-၁ | အက်စ်တွန်ဗီလာ | စူပါဖလား |
| မိုချန်ဂလာဘတ် | ၂-၁ | အက်စ်တွန်ဗီလာ | ခြေစမ်းပွဲ |
| ဘရိုက်တန် | ၄-၀ | အက်စ်တွန်ဗီလာ | ပရီမီယာလိဂ် |


| အာဆင်နယ်အသင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ် | | | |
|---|---|---|---|
| အာဆင်နယ် | ၁-၁ | ကိုမို | ခြေစမ်းပွဲ |
| အာဆင်နယ် | ၃-၀ | မန်စီးတီး | ကွန်မြူနတီဒိုင်း |
| အာဆင်နယ် | ၃-၀ | ကိုဗင်ထရီ | ပရီမီယာလိဂ် |

## ကမ္ဘာ့နံပါတ် (၁) ဆာဘာယ်လင်ကာ ယူအက်စ်အိုးပင်း ပထမအဆင့်တွင် အိုဆိုရီယိုနှင့် ယှဉ်ပြိုင်ရမည်

ပြီးခဲ့သည့် စင်စင်နတီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ချက်ဇ်တင်းနစ်မယ် ဆာရာဘောလက်ကို အံ့အားသင့်ဖွယ် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် ကမ္ဘာ့နံပါတ် (၁) ဘယ်လာရုစ်တင်းနစ်မယ် အာရီနာ ဆာဘာယ်လင်ကာသည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကိုလံဘီယာတင်းနစ်မယ် ကာမီလာ အိုဆိုရီယိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆာဘာယ်လင်ကာနှင့် အိုဆိုရီယိုတို့သည် ၂၀၂၁ ခုနှစ် ဝင်ဘယ်ဒန်အိုးပင်းနှင့် ၂၀၂၃ ခုနှစ် မက်ဒရစ်အိုးပင်းပြိုင်ပွဲတို့တွင် ထိပ်တိုက်တွေ့ဆုံထားပြီး ဆာဘာယ်လင်ကာက နှစ်ကြိမ်စလုံး နိုင်ပွဲရရှိထားသည်။ ဆာဘာယ်လင်ကာသည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် ယူအက်စ်အိုးပင်းအပါအဝင် တစ်ဦးချင်း ဂရင်းဆလမ်းဆုဖလားကို လေးကြိမ်ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

ငင်းသည် ယခုအစောပိုင်းက ကျင်းပခဲ့သည့် နေရှင်နယ်ဘဏ်



အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ရုရှားတင်းနစ်မယ် အဲလက်ဇန်ဒရိုဗာကို ရှုံးနိမ့်ထားသည်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်တန်းတင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

## ဘရန့်ဖို့ဒ်က ခံစစ်ကစားသမား ဒီအော့ဖ်ကို ခေါ်ယူ




ပရီမီယာလိဂ်ကလပ် ဘရန့်ဖို့ဒ်အသင်းသည် ဝက်စ်ဟမ်းခံစစ်ကစားသမား အယ်ဟာဂျီ မာလစ် ဒီအော့ဖ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် ဆီနီဂေါဗဟိုခံစစ်ကစားသမားသည် နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းသည် အဆိုပါ ကစားသမားကို ခေါ်ယူရာတွင် ကနဦးပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ကစားသမား၏ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး နောက်ထပ်ငါးသန်းကို ပေးချေရမည် ဖြစ်သည်။

ငင်းသည် ပြီးခဲ့သည့်ရာသီတွင် ဝက်စ်ဟမ်းအသင်းအတွက် ၃၄ ပွဲ ပါဝင်ကစားထားပြီး ငါးကြိမ် ဂိုးဖန်တီးမှုပြုလုပ်ပေးထားသည်။ ဘရန့်ဖို့ဒ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် စပါးအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိထားသည်။

## ဆိုစီဒက်က ဘာစီလိုနာမှ ဟက်တာဖော့သ်ကို ခေါ်ယူ

ရီးရဲဆိုစီဒက်အသင်းသည် ဘာစီလိုနာခံစစ်ကစားသမား ဟက်တာဖော့သ်ကို ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။ အသက် ၂၀ အရွယ် အဆိုပါကစားသမားသည် ဆိုစီဒက်အသင်းနှင့် ၂၀၃၁ ခုနှစ် ဇူလိုင်လအထိ စာချုပ်ချုပ်ဆိုသွားမည် ဖြစ်သည်။ ငင်းသည် ပြီးခဲ့သည့်ရာသီတွင် အယ်ချီအသင်း၌ အငှားကစားခဲ့ကြောင်း သိရသည်။ ဖော့သ်သည် ချယ်ဆီးအသင်းမှ ဗဟိုခံစစ်ကစားသမား မာမာဒူဆားရ်ကို အငှားခေါ်ယူပြီးနောက် ဆိုစီဒက်အသင်း ခေါ်ယူသည့် ဒုတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။ ဆိုစီဒက်သည် လာလီဂါပွဲစဉ် (၃) အပြီးတွင် တစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားသည်။



## မန်စီးတီးမှ အမ်ဖူနီကို ကိုဗင်ထရီ အငှားခေါ်ယူ

ကိုဗင်ထရီအသင်းသည် မန်စီးတီးအသင်းမှ အင်္ဂလန်ခံစစ်ကစားသမား စတီဖန် အမ်ဖူနီကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အမ်ဖူနီသည် ကိုဗင်ထရီနည်းပြ လမ်းပတ် ခေါ်ယူသည့် ၁၁ ဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။ ကိုဗင်ထရီအသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်နှစ်ပွဲတွင် ရှုံးနိမ့်ထားသည်။



## ဝက်စ်ဘရွန်းက မန်ယူကွင်းလယ်ကစားသမား တိုဘီကော်ယာကို ခေါ်ယူ

ဝက်စ်ဘရွန်းအသင်းသည် မန်ယူအသင်းကွင်းလယ်ကစားသမား တိုဘီကော်ယာကို အပြီးသတ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးကို ဖော်ပြထားခြင်း မရှိပေ။ အသက် ၂၂ နှစ်အရွယ် ကော်ယာသည် ဝက်စ်ဘရွန်းအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့သည်။ ငင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ဝက်စ်ဘရွန်းအသင်းခေါ်ယူသည့် ကိုးဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။ ငင်းသည် ၂၀၂၄-၂၀၂၅ ရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ၁၃ ပွဲ ပါဝင်ကစားထားသည်။

## ဒန်ဆိုအတွက် အငှားကမ်းလှမ်းမှု စပါးပယ်ချ



စပါးက အသင်းခံစစ်ကစားသမား ကီဗင်ဒန်ဆိုအတွက် ဆန်းဒါးလန်းအသင်း၏ တစ်ရာသီအငှား ကမ်းလှမ်းမှုကို ပယ်ချလိုက်သည်။

ဩစတြီးယားဗဟိုခံစစ်ကစားသမား ဒန်ဆိုသည် ဩဂုတ် ၂၇ ရက်က ချာလ်တန်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သော ကာရာဘောင်ဖလားပြိုင်ပွဲတွင် ယခုနှစ်ရာသီအတွက် ပထမဆုံးပါဝင်ကစားခဲ့သည်။ ငင်းသည် ဩစတြီးယားအသင်းအတွက် ၃၆ ပွဲ ပါဝင်ကစားထားသည်။

စပါးအသင်းသည် ဒန်ဆိုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီတွင် လန်းစ်အသင်းမှ ကနဦးအငှားဖြင့် ခေါ်ယူခဲ့ပြီး နောက်ပိုင်းတွင် ပြောင်းရွှေ့ကြေး ပေါင် ၂၀ ဒသမ ၉ သန်း ပေးချေကာ အမြဲတမ်းစာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

■ မိုးဇက် – စုစည်းရေးသားသည်

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
(ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်)

၁။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၉၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ဒ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၈) လုံး၊ ထီစာအုပ်ရေ **(၁၄၇၂၇၂၄)** အား ခွဲဝေရောင်းချရာတွင် ထီစာအုပ် **(၁၄၅၉၆၆၆)** အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း **(၁၄၅၉၆.၆၆၀)** ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း **(၁၀၂၁၇.၆၆၂)** ဖြစ်ပါသည်။ (၈၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း **(၀.၅၈၂)** အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း **(၁၀၂၁၈.၂၄၄)** ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း **(၂၅၀.၀၀၀)** ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းသုံးထောင် | = | (၂) | ဆု |
| (၃) | ကျပ်သိန်းနှစ်ထောင် | = | (၃) | ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၄) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၂) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၁၄) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၁၅) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၈) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၇) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၉) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၅၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၁၀၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၁၂၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၉၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၄၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၉၀) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၉-၂၀၂၆) ရက်နေ့ (အင်္ဂါနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၄၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄) ၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင် ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရစည်းကြပ် သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာ မြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**


## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၂)၊ ဦးပိုင်အမှတ်(၆၇)၊၄၇လမ်းX ၁၀၅x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်)၀၁၅၁၅၁က အမှုတွဲအမှတ် (၂၀၄၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ စုံခေါင်းမြောက်ကွင်း၊ မြေကွက်အမှတ်(၁၁၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၆၄/၁၉၉၆- ၁၉၉၇ အရ ဗိုလ်ကြီးမောင်မောင်တာ အမည်ဖြင့် ရရှိခဲ့ပြီး ဗိုလ်ကြီးမောင်မောင်တာ(အငြိမ်းစား)(ကိုယ်စား) .မြိတ်မြို့နယ်တရားရုံးဘီလစ် ဦးဝင်းအောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၀၃၀/၂၀၂၆) ဖြင့် ဦးအောင်စိုး၊ ဒေါ်သန်းမူ တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၄-၉-၂၀၂၆)ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း/ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်စိုး ၆/မအရ(နိုင်)၀၃၉၃၈၀၊ ဒေါ်သန်းမူ ၆/ပလန (နိုင်)၀၁၄၄၇၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြိတ်မြို့


## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ကယားပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူခြင်းဆိုင်ရာတည်ဆောက်ရေး လုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၃၁ - ၈ - ၂၀၂၆ ရက်မှ ၁၃ - ၉ - ၂၀၂၆ ရက်ထိ

**တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်နှင့် အချိန်** - (၁၄ - ၉ - ၂၀၂၆ )ရက်၊ (၁၆:၀၀)နာရီ

**တင်ဒါတင်သွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး

တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်နေရာတို့အား ထပ်မံကြေညာပါမည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၆/ဈေးကွက်၊ ဦးပိုင်အမှတ်-၁၉၄၊ မြို့မြေအမျိုးအစား ဧရိယာ (၀.၀၄၆)ဧက ရှိသော ဘိုးဘပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမွေဆက်ခံပိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်-၀၈၀/၂၀၂၆ ဖြင့် ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဒေါ်ခင်နှင်းရီ၊ ဒေါ်ဖြူဖြူဝင်း၊ ဦးအေးမျိုးမင်း၊ ဦးစည်သူတို့မှ မိမိတို့၏အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁) လအတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင် အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းရီ၊ ဒေါ်ဖြူဖြူဝင်း၊ ဦးအေးမျိုးမင်း၊ ဦးစည်သူ**
**အမှတ်(၁၇၆)၊ ပန်းထိမ်တန်းလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် (ခ-၃)၊ ဦးပိုင်အမှတ်(၁၀-ခ)၊ ၄၀ x ၄၁ကြား၊ ၆၅ x ၆၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြမောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၉၈၈/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်အေးမြင့် ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၂၇၄/၁၉၉၅)ဖြင့် ဝယ်ယူခဲ့သော ဦးခင်မောင်လေး၊ ဒေါ်ညွန့်ညွန့်တို့၏ (GP ရရှိသူ ဒေါ်ယဉ်မေကျော်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၆၂၇/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ထွေး ၁/မညန(နိုင်)၁၀၄၁၅၆ က အမှုတွဲအမှတ် (၂၀၄၀/၂၀၂၆- ၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ခွဲကျန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ ရပ်ကွက်၊ အကွက်အမှတ် လလ-၃၂၊ ဦးပိုင်အမှတ် ၂၀+၂၃၊ ၅၄x၅၅ကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ဟိန်း ၈/ရစက(နိုင်)၀၀၀၃၅၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇရပ်ကွက်၊ အကွက်အမှတ် နန-၈၊ ဦးပိုင်အမှတ် ၅၊ ၆၂x၆၃ကြား၊ ၁၃၂x၁၃၃လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးစိုးစိုး (ဘ) ဘရားစူး ၁၂/ဒဂတ(နိုင်) ၀၁၆၉၃၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/83516, Honda Wave-110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးအေးသန်း ၁၄/အမန(နိုင်)၀၁၃၇၉၈ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/83516, Honda Wave-110, M/C ယာဉ် လက်ဝယ်ရှိသူ ဦးအေးသန်း ၁၄/အမန(နိုင်)၀၁၃၇၉၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၃၈)၊ ဦးပိုင်အမှတ် ၄၇ ခဲစင်းမြောက်ခြမ်း၊ ၅၉ x ၅၈ ကြား၊ ၁၂၇ x ၁၂၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မေကြည်အောင် ၉/မရတ(နိုင်)၀၃၂၀၀၈ က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၀၅)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၂၈၈)ရှိ အကျယ်အဝန်း အလျား ပေ(၄၀) Xအနံပေ(၆၀)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ ဒေါ်ခင်ရွှေ (၁၂/သဃက(နိုင်)၁၀၀၇၅၁) အမည်ပေါက်၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက် ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ရောင်းချသူများဖြစ်သည့် ဦးဆန်နီ (၉/ကပတ(နိုင်)၁၉၅၅၉၅) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးညီညီမောင်(၁၂/စခန(နိုင်)၀၅၉၄၇၅)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂျူလိုင်မိုး (LL.B. DBL DIL, WIPO DL-101 Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း - ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာ၊ ရေခြံစု(၁)လမ်း၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇၀၆/ကျွဲနွားထောက်ကွင်း)၊ ဦးပိုင်အမှတ်(၁၆၁/၁)၊ မြေဧရိယာ(၀ဒသမ၇၈)ဧက ထဲမှ အကျယ်အဝန်း အရှေ့ပေ(၆၀)၊ အနောက် ပေ(၆၀)၊ တောင် ပေ(၃၀)၊ မြောက် ပေ(၃၀)အကွက်အမှတ်(A-1/2(b))(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝေဝေလှိုင် (၉/မမန(နိုင်)၀၇၈၄၆) ထံမှ ဦးခင်မောင်အေး (၉/ပဥလ(နိုင်)၀၀၄၆၆၃) က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးခင်မောင်အေး** | **ဦးနေမျိုးဇော်(LL.B, D.B.L)** |
| **၉/ပဥလ(နိုင်)၀၀၄၆၆၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၅၆) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၈) ထပ်တိုက်၏ မြေညီထပ်၊ (ခြေရင်းခန်း/တိုက်ကိုမျက်နှာမူလျှင် လက်ဝဲဘက် အခန်း)၊ အကျယ်အဝန်း (၁၅ ပေ x ပေ၆၀ ) ရှိ တိုက်ခန်း(တစ်) ခန်းနှင့် ကိုယ်ပိုင် မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်ထွန်းဟန် (၁၂/ဒလန (နိုင်) ၀၃၂၀၇၇) နှင့် ဦးလှိုင်သန်းဦး (၁၂/အစန(နိုင်)၁၂၂၉၁၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၃၈၇)**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၆-E)၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ မြေကွက်အမှတ် (၉၀/ကျူ)၊ ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါက်တာဦးအောင် အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၀.၂၉)ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၉၃/၆)၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းအဆောက်အအုံတွင် တပ်ဆင်ထားသောလျှပ်စစ်မီတာ၊ ရေမော်တာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးသက်ဦး(၁၂/လမတ(နိုင်)၀၁၅၇၀၂)၊ ဒေါ်လှလှမူ (၇/သနပ(နိုင်)၀၆၄၂၇၂) တို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းကြွယ် (၁၂/ဗဟန(နိုင်)၀၅၄၆၀၀) ကိုင်ဆောင်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းကြွယ်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)** | **ဒေါ်မျိုးမျိုးအေး (LL.B, D.I.L, Dip.D.S)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)** | **အထက်တန်းရှေ့နေ (စဉ်- ၄၃၉၇၈)** |

**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ အထက (မိုဝိုင်လွတ်) တွင် တာဝန်ထမ်းဆောင်နေသော ဦးရှုးလိုင်းကြူ(ခ)ဦးရှုလိုင်းကြူ(ခ)ဦးရှူးလိုင်းကြူး(ခ)ဦးရှူးလိုင်ကြူ ၅/လရန(နိုင်)၀၀၂၈၂၇ ၏ဖခင် ဦးကူဇဆန်း(ခ)ဦးကူရားစား(ခ)ဦးကူးရားစားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကူဇဆန်း(ခ)**
**ဦးကူရားစား(ခ)ဦးကူးရားစား**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၈၈)၊ မြေဧရိယာ(၀. ၀၄၆)ဧကရှိ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးဆန်းမြင့် (၉/မမန(နိုင်)၀၂၅၆၆၇) မှ မြေငှားဂရန်(အသစ်) ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -အောင်ချမ်းသာတိုးချဲ့(၂)၊ မြေကွက်အမှတ် (၂၇၀)၊ အလျား x အနံ ပေ(၄၀ x ၆၀) အကျယ်ရှိ ဒေါ်တင်သိန်းနွယ် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်အောင် (ဘ) ဦးအောင်မော် (၁၂/ကမရ(နိုင်)၀၂၆၅၀၂)က ပြန်လည်ရောင်းချခြင်း စသည့် တစ်နည်းနည်း လွှဲပြောင်းပေးရန်ရှိပါသဖြင့် အဆိုပါကိစ္စများနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါကိစ္စများကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လွှဲပြောင်းပေးအပ်ရမည့်သူထံ အပြီးတိုင် လက်ရောက်လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇာနည်** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်** | **ဒေါ်ခင်သီတာမြင့်အောင်** |
| **(LL. B, DBL, DIPL, DIL) (စဉ်-၁၄၆၆၈)** | **(LL. B, DIPL) (စဉ်-၁၈၇၂၆)** | **(LL. B, DBL) (စဉ်-၂၀၀၇၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း - ၀၉ -၄၂၀ ၃၀၀ ၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

